၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

Voice of Burma

*Published by Voice of Burma Information Group* *Issue No. 712 MAY 31, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## ဒေါ်အောင်ဆန်းစုကြည်မှ အင်းစိန်ထောင်တရားရုံးသို့ စာတစောင်ရေးသားတင်ပြ

# “ကျမကိုသာ အရေးယူ တရားစွဲခြင်းဟာ ဘက်လိုက်ဆောင်ရွက်ခြင်းဖြစ်တယ်”

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား စွဲဆိုထားသောအမှုနှင့်စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၂၅၆ အရ တရားရုံးသို့ ရေးသားတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

“(စ)” ၁။ အထက်အမည်ပါအမှုတွင် ဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ–၂၂ ဖြင့်လည်းကောင်း၊ ထိုသို့ဖောက်ဖျက်ကျူးလွန်ခြင်းကို အားပေးကူညီခဲ့သော ဒေါ်ခင်ခင်ဝင်း (ဘ) ဦးတင်အုန်း၊ မဝင်းမမ (ဘ) ဦးဥာဏ်လင်း နှင့် Mr.John William Yettaw တို့(၃)ဦးအား ယင်းဥပဒေပုဒ်မ–၂၂ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၁၀၉ အရလည်းကောင်း အမှုဖွင့်အရေးယူပေးပါရန် သတင်းတပ်ဖွဲ့မှုဒုရဲမှူးကြီးဇော်မင်းအောင်က ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ (၁၁–၅–၂၀၀၉)တွင် တိုင်ကြားခဲ့သောအမှုဖြစ်ပါသည်။

၂။ Mr.John William Yettaw သည် ကျမ၏နေအိမ်ခြံဝင်းအတွင်းသို့ ရောက်ရှိခဲ့သောကိစ္စနှင့်စပ်လျဉ်း၍ ပထမအကြိမ်ဖြစ်သော (၃၀–၁၁–၂၀၀၈) ရက်နေ့ ရောက်ရှိခဲ့ခြင်းကို ကျမနှင့်အတူနေသူ ဒေါ်ခင်ခင်ဝင်းထံမှတဆင့် ကြားသိရပါသည်။

(၄–၁၂–၂၀၀၈) ရက်နေ့တွင် ဆေးစစ်ရန်ရောက်ရှိလာသူ ဒေါက်တာတင်မျိုးဝင်းမှတဆင့် ယင်းအဖြစ်အပျက်ကို အာဏာပိုင်များထံ သတင်းပေးပို့ခဲ့ပါသည်။ အာဏာပိုင်များက အဆိုပါကိစ္စအတွက် ကျမတို့ထံသို့ စုံစမ်းမေးမြန်းခြင်းမလုပ်ခဲ့ကြပါ။ အရေးယူဆောင်ရွက်သည်ဟုလည်း ကြားသိရခြင်းမရှိပါ။ ဤကဲ့သို့ ခြံဝင်းအတွင်း လူဝင်ရောက်ခဲ့သည့်ကိစ္စများတွင်း အာဏာပိုင်များထံ ချက်ချင်းသတင်းပို့ရမည်ဟု သတိပေးဖူးခြင်းလည်း မရှိပါ။

ဒုတိယအကြိမ် Mr.John William Yettaw ရောက်ရှိခဲ့ခြင်းကို (၄–၅–၂၀၀၉)ရက်နေ့ နံနက်ပိုင်းတွင်မှ တွေ့ရှိရပါသည်။ ကျမက ပြန်ထွက်သွားရန် ပြောကြားခဲ့ပါသည်။ ၎င်းက မိုးလင်းနေပြီဖြစ်၍ ထွက်သွားလျှင် ဖမ်းဆီးခံရနိုင်ကြောင်း ညရောက်လျှင် ပြန်ပါမည်ဟု ပြောပါသည်။ သို့သော် ညရောက်သောအခါ ကျန်းမာရေးအခြေအနေအရ တစ်ညအိပ်ခွင့်ပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။

၃။ ယခုအချိန်တွင် များစွာသော ကျမ၏ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များသည် ဥပဒေ၏ကာကွယ်မှုနှင့် သက်ညှာမှုတို့ကို မခံစားရဘဲ နှစ်ရှည်ထောင်ဒဏ်များ ကျခံနေရပါသည်။ ထို့ကြောင့် ကျမအနေဖြင့် မည်သူ့ကိုမျှ အဖမ်းအဆီး အချုပ်အနှောင်ခံရစေရန် တွန်းမပို့နိုင်ဟူသော နိုင်ငံရေးခံယူချက်အရ ခိုလှုံခွင့်တောင်းသည်ကို ခေတ္တခိုလှုံခွင့် ပေးခဲ့ခြင်းသာဖြစ်ပါသည်။

၄။ ကျူးကျော်ဝင်ရောက်သူ မည်သူမည်ဝါဖြစ်သည် ၎င်း၏ရည်ရွယ်ချက်များ မည်သို့မည်ပုံဖြစ်သည်မှာ ကျမအတွက် အရေးမပါ ပါ။ ကျမ၏နိုင်ငံရေးခံယူချက်အရသာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ကျူးကျော်ဝင်ရောက်မှုကိစ္စနှင့်စပ်လျဉ်း၍ လစဉ်ဆေးစစ်ရန် (၇–၅–၂၀၀၉)နေ့တွင် ဒေါက်တာတင်မျိုးဝင်းလာသောအခါ ၎င်းမှတဆင့် သက်ဆိုင်ရာသို့ အကြောင်းကြားရန် ရည်ရွယ်ခဲ့ပါသည်။ သို့သော် (၇–၅–၂၀၀၉)နေ့တွင် ရဲတပ်ဖွဲ့ဝင်များသာရောက်လာပြီး ဒေါက်တာတင်မျိုးဝင်း ဝင်ခွင့် မရခဲ့ပါ။

၅။ ကျမသည် နိုဝင်ဘာလ (၃၀)ရက်နေ့ အဖြစ်အပျက်များနှင့်စပ်လျဉ်း၍ လုပ်ဆောင်ခဲ့ရာတွင် ကြီးသည့်အမှုငယ်စေရန်နှင့် ငယ်သည့်အမှုပပျောက်စေရန်နှင့် ခြံအတွင်းသို့ ဝင်ရောက်ခဲ့သူအားလည်းကောင်း လုံခြုံရေးကိုယူထားရသော တပ်သားများအားလည်းကောင်း မလိုအပ်ဘဲ မထိခိုက်စေလိုသောဆန္ဒဖြင့် ပြုလုပ်ခဲ့ပါသည်။ ဤလုပ်ဆောင်ချက်နှင့်ပတ်သက်၍ သက်ဆိုင်ရာက ကန့်ကွက်ခြင်း ဝေဖန်ခြင်း တစုံတရာမပြုလုပ်ခဲ့သောကြောင့် ၎င်းတို့သည် ကျမ၏လုပ်ရပ်ကို လက်ခံသဘောတူသည်ဟု ထင်မြင်ရပါသည်။

တရားလိုပြသက်သေတဦးအား ပြန်ခေါ်စစ်မေးရာတွင် ကျမ၏နေအိမ်ခြံ ဝင်းလုံခြုံရေးအတွက် အာဏာပိုင်နှင့် ကျမတို့ပူးတွဲတာဝန်ရှိသည်ဟု ထွက်ဆိုခဲ့ပါသည်။ ယင်းထွက်ဆိုချက်မှာ လုံးဝမမှန်ကန်ပါ။

၆။ ကျမအပေါ်စွဲဆိုထားသည့် နိုင်ငံတော်

**စာမျက်နှာ ၃ သို့**

**ဒေါ်အောင်ဆန်းစုအကြည် အရေးအတွက် ကမ္ဘာ့အသိုင်းအဝန်း၏ တောင်းဆိုမှုများ** — **စာမျက်နှာ ၃**

**သတင်းစာရှင်းလင်းပွဲ မဟုတ်၊ အသိပေးပွဲဟု သတင်းစာသမားများသုံးသပ်** — **စာမျက်နှာ ၅**

**ဒေါ်အောင်ဆန်းစုကြည် ဘက်မှ တဦးတည်းသော သက်သေ တရားရုံးမှာထွက်ဆိုခြင်း** — **စာမျက်နှာ ၁၀**

**ဗိုလ်ချုပ်သန်းရွှေ ငယ်ထိပ် မြွေပေါက်ခံရခြင်း** — **စာမျက်နှာ ၁၂**

**ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ် ၅ နှစ်ပြည့်ရန် ၆ လ လိုဟု နအဖကဆို** — **စာမျက်နှာ ၁၆**

VOB အာဘော်

# စစ်အုပ်စုအတွက် အကောင်းဆုံးထွက်ပေါက်

နအဖဒုတိယနိုင်ငံခြားရေးဝန်ကြီး ကမ္ဘောဒီးယားတွင်ပြုလုပ်သော အီးယူ–အာဆီယံအစည်းအဝေးတခုတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုမှုသည် နိုင်ငံရေးကိစ္စမဟုတ်၊ လူ့အခွင့်အရေးကိစ္စမဟုတ်၊ မြန်မာပြည်တွင်းတရားစီရင်ရေးဆိုင်ရာကိစ္စသာဖြစ်သည်ဟု ပြောဆိုလိုက်သည်၊ အလားတူပင် အာဆီယံနှင့်တကွ နိုင်ငံတကာအသိုင်းအဝိုင်းကတောင်းဆိုနေသည့် ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ပေးရေးဆိုသည်ကိုလည်းလက်မခံပဲ တုံ့ပြန်ပြောဆိုနေခဲ့သည်။ ဤသည်က စစ်အုပ်စုသည် ဒီမိုကရေစီခေါင်းဆောင်အား ပြစ်ဒဏ်ချမှတ်ရေးကို လုပ်ဆောင်မည်ဆိုသည်ကို ဖော်ပြရာရောက်နေသည်။

ဒေါ်အောင်ဆန်းစုကြည်အား မိမိတို့အာဏာဆက်လက်ချုပ်ကိုင်နိုင်ရေးကိုအနှောင့်အယှက်ပေးမည့်သူ၊ ဖျက်ဆီးမည့်သူအဖြစ် နအဖစစ်အာဏာပိုင်များကမှတ်ယူနေသည်။ နှစ်ပေါင်း ၂၀ ကျော်တရားမဲ့ ပြုကျင့်ခဲ့သောလုပ်ရပ်များက ခြိမ်းခြောက်နေသည်ဟု စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးများခံစားသိမြင်နေပုံရသည်။ ဒေါ်အောင်ဆန်းစုကြည်သည် လူထု၏ခေါင်းဆောင်ဖြစ်သည်၊ နိုင်ငံရေးအရှိန်အဝါကြီးမားသည်၊ ထို့ကြောင့် မိမိတို့အာဏာဆက်လက်ချုပ်ကိုင်ရေးလမ်းကြောင်းကို ပိတ်ဆို့တားဆီးသူအဖြစ် ရှုမြင်နေသည်။ ထို့အတွက် မပြုအပ်သောအမှုကို ပြုလုပ်နေခြင်းဖြစ်သည်။ နအဖစစ်အုပ်စု၏ယခုလုပ်ရပ်နှင့် စဉ်းစားတွေးခေါ်ပုံသည် လွန်စွာမှားယွင်းပေသည်။

ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးသမားဖြစ်သည်၊ နိုင်ငံရေးသမားဖြစ်သောကြောင့် မြန်မာ့နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းနိုင်ရေးကို အစဉ်တစိုက်ကြိုးပမ်းနေသည်။ နအဖစစ်ခေါင်းဆောင်များသည် စစ်သားများဖြစ်သော်လည်း နိုင်ငံရေးကိစ္စများ၊ နိုင်ငံစီမံခန့်ခွဲအုပ်ချုပ်ရေးကိစ္စများကို လုပ်ကိုင်နေသည့်အတွက် ထိုကိစ္စများကို လက်တွေ့လုပ်ကိုင်ရာတွင် စစ်သားအနေဖြင့် စဉ်းစားခြင်းထက် နိုင်ငံရေးနည်းလမ်းဖြင့် စဉ်းစားချဉ်းကပ်လုပ်ဆောင်နိုင်ရေးသည် အရေးကြီးသည်။ သို့သော်လည်း နအဖစစ်ဗိုလ်ချုပ်ကြီးများသည် ထိုသို့လုပ်ဆောင်ရန်မစဉ်းစား၊ မိမိတို့သွားမည့်လမ်းတွင် တွေ့ရသည့်အရာအားလုံးကို ဖျက်ဆီးရန်ကြိုးပမ်းနေသည်။ ၄င်းတို့မကြာခဏကြွေးကြော်လျက်ရှိသော စည်းကမ်းရှိ၍ခေတ်မီတိုးတက်သောဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အဖျက်လမ်းစဉ်ဖြင့်တည်ဆောက် ရန်လုပ်ဆောင်ကြိုးပမ်းနေသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် နအဖစစ်အာဏာရှင်များရော မြန်မာပြည်သူပြည်သားအားလုံးပါ နှစ်ပေါင်း ၂၀ လုံးလုံးကြုံတွေ့နေရသည့် အဖြစ်အပျက်အခြေအနေဆိုးများမှ လွတ်မြောက်နိုင်မည်မဟုတ်ပေ။

ထို့ကြောင့် နအဖဗိုလ်ချုပ်ကြီးများအတွက် အကောင်းဆုံးသောထွက်ပေါက်မှာ ဒေါ်အောင်ဆန်းစုကြည်အား မတရားအကွက်ဆင် တရားစွဲဆိုခြင်းကိုဖျက်သိမ်းကာ သူမအားချက်ချင်းလွှတ်ပေးခြင်းပင်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် စစ်ဗိုလ်ချုပ်ကြီးများအတွက် အကောင်းဆုံးသောနိုင်ငံရေးထွက်ပေါက်သာမက၊ ပုဂ္ဂိုလ်ရေးအရ အကောင်းဆုံးထွက်ပေါက်လည်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးလိုက်သည်နှင့် ပထမဦးဆုံးရရှိမည့်ရလဒ်မှာ ပြည်သူပြည်သား အားလုံး၏ ဝမ်းမြောက်ဝမ်းသာဖြစ်မှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ချီးကျူးကြိုဆိုမှုများဖြစ်လိမ့်မည်။ ထိုမှတဆင့် နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်ပေးပါက နိုင်ငံတကာ အသိုင်းအဝိုင်းမှ စစ်အုပ်စုအား အသိအမှတ်ပြုမှုနှင့် အခြားသောကူညီပံ့ပိုးမှုများရရှိလာမည်ဖြစ်သည့်အပြင် တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်မည့်လမ်းစပွင့်သွားမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးမှုစတင်သည်နှင့် ကြီးမားမြင့်တက်နေသည့်မြန်မာပြည်တွင်းပြဿနာများ၊ စစ်ဗိုလ်ချုပ်ကြီးများ၏မြင့်မားနေသည့်စိုးရိမ်စိတ်များကို လျှော့ချနိုင်ရေးအတွက် အပြန်အလှန်နားလည်မှု၊ အပေးအယူလုပ်သောနည်းလမ်းများကို လုပ်ဆောင်နိုင်မည့်အခွင့်အလမ်းများဖြစ်သည်။ ယခုလက်ရှိအခြေအနေသည် အာဏာရှင်ဗိုလ်ချုပ်ကြီးများအတွက်သာမက မြန်မာတပြည်လုံးအတွက်ပါ အကောင်းဆုံးဖြစ်မည့် အခြေအနေဖြစ်သောကြောင့် အမိအရယူနိုင်ရေးသည် ချက်ချင်းလုပ်ဆောင်ရန်လိုအပ်သည့် အရေးကြီးသောအရာဖြစ်သည်ဟု ရေးသားလိုက်ရပေသည်။

---

# ရန်ကုန်ကို ကိုယ်စားလှယ်အဖွဲ့စေလွှတ်ဖို့ နိုင်ငံတကာခေါင်းဆောင်တွေ ကြိုးစား

**RFA၊ မေလ ၂၆။** ။ဒေါ်အောင်ဆန်းစုကြည် အမြန်ပြန်လည်လွှတ်မြောက်ရေးကိစ္စအတွက် မြန်မာနိုင်ငံကို ၃ ဦးပါ အထူးကိုယ်စားလှယ်အဖွဲ့တဖွဲ့စေလွှတ်နိုင်ဘို့ နိုင်ငံတကာရောက် မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင်တွေက ကြိုးစားနေရာမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ အီတလီနိုင်ငံရဲ့ထောက်ခံအားပေးမှုကလည်း အရေးကြီးတာကြောင့် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် FTUB ဟာ မေလ ၂၆ ရက်၊ ဒီကနေ့ အီတလီစံတော်ချိန် နေ့လည် ၂ နာရီ လောက်မှာ အီတလီနိုင်ငံခြားရေးဝန်ကြီး Mr.Sratt Ini နဲ့တွေ့ဆုံဆွေးနွေးမယ်လို့ သိရပါတယ်။

အီတလီနိုင်ငံကိုရောက်နေတဲ့ FTUB အဖွဲ့ရဲ့အတွင်းရေးမှူး ဦးမောင်မောင်က သူတို့ FTUB အနေနဲ့ အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီနဲ့ ဒီနေ့မှာတွေ့ဆုံဘို့ရှိသလို အဲဒီနောက်မှာ အီတလီနိုင်ငံခြားရေးဝန်ကြီးနဲ့ သွားရောက်ဆွေးနွေးမယ်လို့ပြောပါတယ်။ အီတလီနိုင်ငံခြားရေးဝန်ကြီးနဲ့ဆွေးနွေးပွဲမှာ အီတလီအလုပ်သမားအဖွဲ့ချုပ်ခေါင်းဆောင်တွေလည်း ပါဝင်မှာဖြစ်ပြီး သူတို့အလုပ်သမားအဖွဲ့ချုပ်က ဘယ်လိုတိုက်တွန်းတောင်းဆိုမယ်ဆိုတာကို အီတလီအလုပ်သမားခေါင်းဆောင် Ms.Cecil Bruddie က RFA ကိုပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ပြန်လွှတ်လာဘို့နဲ့ မြန်မာနိုင်ငံမှာအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေးတွေဖြစ်ပေါ်လာအောင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအပါအဝင် အီးယူ–ဥရောပသမဂ္ဂအဖွဲ့ကိုယ်စားလှယ် မစ္စတာပီရယ်ရိုဖက်စီးနီးနဲ့ ASEAN အတွင်းရေးမှူးဆူရင်ပစ်ဆူဝမ်တို့ပါဝင်တဲ့ အထူးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကိုအမြန်ဆုံးစေလွှတ်နိုင်အောင်ကြိုးပမ်းဘို့ အီတလီအစိုးရကို ကျမတို့တိုက်တွန်းသွားပါမယ်လို့ Ms.Cecil Bruddie က RFA ကိုပြောပါတယ်။ FTUB အဖွဲ့ရဲ့အတွင်းရေးမှူး ဦးမောင်မောင်ကတော့ အီတလီနိုင်ငံမှာ ဒီကနေ့ဆွေးနွေးတဲ့အခြေအနေကို အခုလိုပြောပါတယ်။

"ဒီကနေ့တော့ကျနော်တို့ အီတလီနိုင်ငံအထက်လွှတ်တော် နိုင်ငံရေးကော်မတီဝင်တွေနဲ့ ကျနော်တို့တွေ့မယ်၊ သူတို့ကတော့ နိုင်ငံခြားရေးပေါ်လစီကို ဆက်ထိန်းပေးဘို့ဆိုတာ ကျနော်တို့အကူအညီတောင်းမှာပေါ့နော်။ နောက် ကျနော်တို့တင်ပြမှာ အီတလီနိုင်ငံကသွင်းကုန်ထုတ်ကုန်ရှိနေသေးတယ်။ ရှိနေသေးတော့ ဥရောပကနေပြီးတော့ချမှတ်ထားတဲ့ သူတို့ရဲ့သဘောတူညီမှုနဲ့ဆိုရင် နည်းနည်းအခက်အခဲရှိနေတယ်။ ပြဿနာရှိနေတယ်။

အဲဒါကိုကျနော်တို့တင်ပြမယ်။ နောက်တခါတော့ ကျနော်တို့အခုဒီနေ့လည်မှာလုပ်မယ့် နိုင်ငံခြားရေးဝန်ကြီးလာပြောမယ့် အစည်းအဝေးမှာလည်း အဲဒီဟာကိုကျနော်တို့တင်ပြဘို့ ကြိုးစားမှာပေါ့နော်။"

# ဒေါ်အောင်ဆန်းစုကြည် အရေးအတွက် ကမ္ဘာ့အသိုင်းအဝန်း၏ တောင်းဆိုမှုများ

**DVB၊ မေ ၂၅။** ။ မလေးရှားနိုင်ငံရဲ့ ဒုဝန်ကြီးချုပ်ဟောင်းလည်းဖြစ် ထင်ရှားတဲ့ အတိုက်အခံခေါင်းဆောင်တဦးလည်းဖြစ်တဲ့ မစ္စတာအန်ဝါအီဘရာဟင်က ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဒေသတွင်းနိုင်ငံတွေက ပိုမို ထိထိရောက်ရောက် ကြိုးပမ်းပေးကြဖို့ တိုက်တွန်း ပြောဆိုလိုက်ပါတယ်။

တချို့ အိမ်နီးချင်းနိုင်ငံတွေဟာ မြန်မာပြည်မှာ လွတ်လပ်မှုဖေါ်ဆောင်နိုင်ရေးထက် စစ်အုပ်စုနဲ့တွဲဖက်လုပ်ဆောင်မယ့် စီးပွားရေးကိုသာ ပဓာနထားနေတယ်လို့ စင်္ကာပူနိုင်ငံမှာရှိတဲ့ နိုင်ငံခြားသတင်းထောက်များ အသင်းတိုက်မှာ ဝေဖန်ပြောဆိုခဲ့ပါတယ်။ မြန်မာနိုင်ငံအပေါ် အပြုသဘော စေ့စပ်ဆွေးနွေးတယ်ဆိုတာထက် ဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်းတွေက ပိုများနေတယ်လို့ သူက ဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် စစ်အုပ်စုကို တိုက်ရိုက်နားချဖြောင်းဖျဖို့ ဒေသတွင်းနိုင်ငံတွေမှာ လုံးဝ ဝတ္တရားရှိနေတဲ့အကြောင်း အန်ဝါ အီဘရာဟင်က ပြောဆိုခဲ့ပါတယ်။

ဒ့ါပြင် ဒေါ်အောင်ဆန်းစုကြည်ကို ဝိုင်းဝန်းကူညီကြဖို့ အာဆီယံဒေသတွင်းက ပါလီမန်အမတ်တွေကိုလည်း အန်ဝါအီဘရာဟင်က တိုက်တွန်းလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ဒီထက် အားကောင်းတဲ့ တောင်းဆိုမှုတွေရှိရမယ်လို့ အန်ဝါအီဘရာဟင်က ဝေဖန်ပြောဆိုခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်တရားစွဲဆိုနေတာနဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့ ကြာသပတေးနေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထုတ်ပြန်ကြေညာချက်ကို လုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌနိုင်ငံဖြစ်တဲ့ ရုရှားသံအမတ်ကြီး ဗီတလေချာကင်က ဖတ်ကြားခဲ့ပါတယ်။ ကြေညာချက်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆက်စပ်ပတ်သက်နေတဲ့ အဖြစ်အပျက်တွေကနေ မြန်မာနိုင်ငံရေးအပေါ် သက်ရောက်မှုတွေဖြစ်ပေါ်လာမှာကို လုံခြုံရေးကောင်စီဝင်နိုင်ငံတွေက စိုးရိမ်နေကြတဲ့အကြောင်း ဖေါ်ပြထားပါတယ်။

ဒ့ါပြင် လုံခြုံရေးကောင်စီကနေ ၂၀၀၇ အောက်တိုဘာနဲ့ ၂၀၀၈ မေက ကြေညာချက်မှာ တောင်းဆိုထားတဲ့အတိုင်း နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွတ်ပေးဖို့ကိုလည်း ထပ်လောင်းတောင်းဆိုထားပါတယ်၊ ကုလသမဂ္ဂရဲ့ထောက်ခံပံ့ပိုးမှုနဲ့အတူ အားလုံးပါဝင်တဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးကို ရရှိနိုင်ဖို့၊ တိုင်းရင်းသားအုပ်စုတွေ၊ ပါဝင်သင့်သူတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေး ဖြစ်ပေါ်လာနိုင်မယ့် အခြေအနေကို ဖန်တီးယူဖို့ နအဖစစ်အုပ်စုကို တောင်းဆိုပါတယ်။ လုံခြုံရေးကောင်စီဝင်နိုင်ငံတွေသာ မကပါဘူး၊ ဒီနေ့ပဲ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ စတင်လိုက်တဲ့ နဝမအကြိမ်မြောက် အာရှ–ဥရောပနိုင်ငံများရဲ့ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာ့နိုင်ငံရေးပြဿနာကို ရှောင်လွှဲမရမယ့် အခြေအနေရှိပါတယ်။

ဒီအစည်းအဝေးမှာ ဥရောပ၊ အာရှနိုင်ငံတွေ စုဆုံပြီး ကမ္ဘာ့ငွေကြေးအကျပ်အတည်းနဲ့ ပတ်သက်လို့ အဓိကထားဆွေးနွေးကြမှာဖြစ်ပေမယ့် လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေဟာလည်း အစည်းအဝေးမှာထည့်သွင်း ဆွေးနွေးဖွယ်ရှိတယ်လို့ သံတမန်တွေက ပြောပါတယ်။ မြန်မာနိုင်ငံတွင်းမှာ လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေတွေကို မြန်မာနိုင်ငံခြားရေးဝန်ကြီးအနေနဲ့ ဘယ်လိုရှင်းပြမလဲ၊ ၂၀၁၀ ရွေးကောက်ပွဲကို ဘယ်လိုလုပ်မှာလဲ ဆိုတာတွေကို နားထောင်လိုစိတ်ထက်သန်နေတယ်လို့ ဥရောပ သံတမန်တွေက ဆိုပါတယ်။

---

**မျက်နှာဖုံးမှ**

အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ–၂၂ အရ တားဆီးမိန့်၊ ကန့်သတ်မိန့်များကို ချိုးဖောက်သည်ဟု စွပ်စွဲထားပါသည်။

(က) ယခုရုံးရှေ့ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များ၊ သက်သေခံဆက်လက်တားဆီးမိန့်များအရ စည်းကမ်းချက်များကို ကျမက ဖောက်ဖျက်ခြင်းမရှိကြောင်း ထင်ရှားပေါ်ပေါက်နေပါသည်။

(ခ) ကန့်သတ်မိန့်မှာ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံပွဲ့စည်းပုံအခြေခံဥပဒေပါ မူလအခွင့်အရေးကို ကန့်သတ်မှု (သို့) ရုပ်သိမ်းမှုဖြစ်ကြောင်း တရားလိုဘက်က ထွက်ဆိုခဲ့ကြပါသည်၊ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၈၈ ခုနှစ်၊ စစ်အာဏာသိမ်းသည့်နေ့မှစ၍ အာဏာတည်ခြင်းမရှိ၊ ပြိုကျပျက်ဆီးသွားပြီဖြစ်ပါသည်။ အာဏာတည်ခြင်းမရှိသည့် ဥပဒေ၏ပုဒ်မများအရ ကန့်သတ်မိန့်မှာလည်း တရားဝင်မှုမရှိပါ။

၇။ ယခုအမှုဖြစ်ပွားရသည့် အရင်းခံအကြောင်းအရင်းမှာ လုံခြုံမှုရေး၊ လစ်ဟင်းမှု သို့မဟုတ် လုံခြုံရေးဖောက်ဖျက်မှုဖြစ်သော်လည်း ယခုအချိန်အထိ လုံခြုံရေးဆိုင်ရာ တာဝန်ရှိမှုနှင့်စပ်လျဉ်းပြီး အရေးယူခြင်းမရှိဘဲ၊ ကျမကိုသာ အရေးယူ တရားစွဲခြင်းမှာလည်း ဘက်လိုက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၈။ ကျမသည် တရားလိုဘက် စွပ်စွဲသည့်ပြစ်မှုကို ကျူးလွန်ခြင်းမရှိကြောင်း ကျမ၏တင်ပြချက်ကို တင်သွင်းပါသည်။ “(ဆုံး)”

၂၆–၅–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်
ဗဟိုဥပဒေအထောက်အကူပြု အဖွဲ့တို့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရန်ကုန်မြို့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

---

# ဒေါ်စုကို လွှတ်ရန် အိုဘားမားတောင်းဆို

**VOA၊ မေလ ၂၇။** ။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ခြွင်းချက်မရှိချက်ချင်းပြန်လွှတ်ပေးဘို့ အမေရိကန်သမ္မတ Barack Obama က တောင်းဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားတဲ့အတွက် မြန်မာစစ်အစိုးရကို Mr.Obama ကရှုတ်ချတဲ့အကြောင်း အင်္ဂါနေ့ကထုတ်ပြန်တဲ့ အိမ်ဖြူတော်ကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။ နေအိမ်အကျယ်ချုပ်နဲ့ ကန့်သတ်မိန့်ကိုချိုးဖောက်တယ်ဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲချက်တင်ရုံးတင်စစ်ဆေးမှုတွေဟာ အခြေအမြစ်မရှိဘူးလို့လည်း Mr.Obama ကပြောပါတယ်။

ဒီလအစောပိုင်းတုန်းက ဒေါ်အောင်ဆန်းစုကြည်နေအိမ်ခြံဝင်းထဲကို တိတ်တဆိတ်ဝင်ရောက်ခဲ့တဲ့ အမေရိကန်နိုင်ငံသား John William Yettaw ကို နေအိမ်မှာလက်ခံခွင့်ပြုပြီး တားမြစ်ထားတဲ့ကန့်သတ်မိန့်ကို ချိုးဖောက်တယ်ဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်စစ်ဆေးနေတာဖြစ်ပါတယ်။ အင်္ဂါနေ့ကအထူးတရားခွင်စစ်ဆေးမှုအတွင်း ဒေါ်အောင်ဆန်းစုကြည်က သူ့မှာအပြစ်မရှိကြောင်း ချေပခဲ့ပါတယ်။

ပြီးခဲ့တဲ့ မေလ ၄ ရက်နေ့ မနက်အစောပိုင်းမှာ John William Yettaw ဟာ အင်းလျားကန်ကိုဖြတ်ကူးပြီး သူ့အိမ်ဝင်းအတွင်းရောက်ရှိလာတဲ့အကြောင်းနဲ့ နောက်တနေ့ မိုးမလင်းခင်အချိန်အထိ Mr.Yettaw ကို သူ့အိမ်မှာနေထိုင်ခွင့်ပေးခဲ့ပြီး အဲဒီလိုရောက်လာတာနဲ့ပတ်သက်ပြီး အာဏာပိုင်တွေကို အကြောင်းမကြားခဲ့ဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က တရားခွင်မှာထွက်ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တရားခွင်မှာထွက်ဆိုတဲ့ အင်္ဂါနေ့မှာ မြန်မာစစ်အစိုးရအာဏာပိုင်တွေဘက်က ရန်ကုန်အခြေစိုက် သံတမန်တွေနဲ့ စာနယ်ဇင်းသမားတချို့ကိုဖိတ်ကြားပြီး သတင်းစာရှင်းလင်းပွဲတခု လုပ်ခဲ့သလို တရားခွင်ကိုလည်း ဝင်ရောက်လေ့လာခွင့်ပေးခဲ့ပါတယ်။

# တရုတ်–မြန်မာမူးယစ်ဆေးမှောင်ခိုလုပ်ငန်း(၂)

ဦးအောင်ခင်
မျက်မှောက်ရေးရာသုံးသပ်ချက်

တရုတ်ပြည်က မူးယစ်ဆေးမှောင်ခိုလမ်းကြောင်းတွေအကြောင်း တင်ပြပါမယ်။ အမေရိကန်အခြေစိုက် တရုတ်ပညာရှင်တွေဖြစ်ကြတဲ့ 'ကိုလင်စင်း'နဲ့ 'ရှလ်ဒန်ဂျန်း' တို့ တရုတ်ပြည်မှာ ၂ နှစ်လေ့လာပြီးရေးသားထားတဲ့ စာတမ်းကို တင်ပြနေတာဖြစ်ပါတယ်။

ရွှေတြိဂံဆိုတဲ့အမည်နဲ့ ကိုလင်စင်းက သီးခြားစာအုပ်ပြုစုထားတာကို လွန်ခဲ့တဲ့ဧပြီလမှာ အမေရိကန်နိုင်ငံ ကော်နဲတက္ကသိုလ်ပုံနှိပ်တိုက်က ထုတ်ဝေလိုက်ပါတယ်။ စာမျက်နှာ ၂၈၀ သာရှိပေမယ့် ကဒ်ထူပုံးမို့ အင်္ဂလန်မှာရောင်းဈေး ၃၆ ပေါင်၊ အမေရိကန်ဒေါ်လာ ၅၇ ဖြစ်နေလို့ စက္ကူဖုံးထွက်တဲ့အထိ စောင့်ရမလိုဖြစ်နေပါတယ်။ လက်ရှိဗမာစစ်အစိုးရ အာဏာသိမ်းတဲ့ ၁၉၈၈ ကစပြီး တရုတ်–မြန်မာနယ်စပ် ကုန်သွယ်ရေးလမ်းကြောင်း ပွင့်သွားတဲ့အတွက် ကူးလူးဆက်ဆံမှုများလာတာနဲ့အတူ တရုတ်ပြည်ကို မူးယစ်ဆေးတင်ပို့တဲ့ပမာဏလည်း တိုးပွားလာပါတယ်။ နယ်စပ်လမ်းပွင့်ခါစ ပထမပိုင်း ဟောင်ကောက်နဲ့အခြားကမ်းရိုးတန်းမြို့တွေကို တရုတ်ပြည်ယူနန်နယ်ကတဆင့် မူးယစ်ဆေးတင်ပို့တယ်။ အဲဒီကတဆင့် အနောက်တိုင်းကို မူးယစ်ဆေးတင်ပို့တာဖြစ်ပါတယ်။ တရုတ်ပြည်တွင်းမှာ စားသုံးဘို့ တင်ပို့တာမဟုတ်ပါဘူး။ ဒါပေမယ့် မူးယစ်ဆေးမှောင်ခိုလမ်းကြောင်းအဖြစ် ဆယ်နှစ်လောက်အသုံးပြုလိုက်တဲ့အခါမှာတော့ တရုတ်ပြည်မှာ မူးယစ်ဆေးစားသုံးတဲ့ဈေးကွက် ပေါ်ပေါက်လာပါတော့တယ်။

ဘိန်းဖြူကိုစားသုံးတာများပေမယ့် လွန်ခဲ့တဲ့နှစ်အနည်းငယ်ကစပြီး ATS ခေါ် စိတ်ကြွဆေးကိုလည်း မှီဝဲလာတာတွေ့ရပါတယ်တဲ့။ အခုတော့ ဘိန်းဖြူစားသုံးသူဦးရေနည်းပါးလာပြီး စိတ်ကြွဆေးသုံးသူဦးရေ တဖြည်းဖြည်းတိုးပွားနေပါတယ်။ တရုတ်အစိုးရစာရင်းဇယားအရ ဆေးစွဲသူပေါင်း ၂၀၀၅ ခုနှစ်မှာ တသန်းတသိန်းရှိပြီး ဘိန်းဖြူစွဲသူက လူများစုဖြစ်နေပါတယ်။ ဘိန်းဖြူစွဲသူဦးရေဟာ ခန့်မှန်းတဲ့အတိုင်းဘဲရှိတယ်လို့ တရုတ်အရာထမ်းတွေက ယုံကြည်ပါတယ်။

အကြောင်းကတော့ ဘိန်းဖြူသုံးစွဲမှန်းသိတာနဲ့ ဆေးကုသမှုခံယူရလို့ပါဘဲ။ ဆေးစွဲသူလို့မသင်္ကာသူကို စစ်ဆေးကြည့်လို့ ဘိန်းဖြူသုံးတာပေါ်သွားပြီဆိုရင် ဘိန်းဖြတ်တဲ့ဌာနမှာ တနှစ်လောက်ဆေးကုသမှုခံယူရပါတယ်။ ဒီလိုဆေးကုသမှုခံယူပြီးမှ တခါထပ်ပြီး ဘိန်းဖြူစားသုံးလို့ မိသွားပြီဆိုရင်ဖြင့် အလုပ်စခန်းမှာ ၃ နှစ်လောက် အလုပ်ကြမ်းသွားလုပ်ရပါတယ်။ ဘိန်းဖြူစွဲလာရင် အရိုးပ်လက္ခဏာပြလာပြီး ဣန္ဒြေပျက်လာတာကြောင့် ရပ်ကွက်ကသိသွားပြီး ရဲကိုအကြောင်းကြားလို့ အဖမ်းခံရတာပါဘဲ။ ဒါပေမယ့် စိတ်ကြွဆေးသုံးသူကိုတော့ သိဘို့မလွယ်ပါဘူး။ အရက်ဆိုင် စားသောက်ဆိုင်နဲ့ အခြားအပန်းဖြေရိပ်သာတွေမှာ စိတ်ကြွဆေးကို သုံးစွဲကြတာများပါတယ်။ သား သမီးတွေစိတ်ကြွဆေးသုံး မသုံး မိဘကသိဘို့မလွယ်ပါဘူး။ စိတ်ကြွဆေးဟာ ဘိန်းဖြူလိုမစွဲဘူးလို့ တရုတ်အရာထမ်းကဆိုပါတယ်။

တရုတ်ပြည်အနောက်ပိုင်းက ရှင်းဂျန် (Xinjiang) ပြည်နယ်ဟာ Pakistan, Afghanistan, Tajikistan, Kyrgyzstan, Kazakstan စတဲ့ အာရှအလယ်ပိုင်းနိုင်ငံတွေနဲ့ဆက်နေပေမယ့် ဒီဒေသကထွက်တဲ့ မူးယစ်ဆေးဟာ ဥရောပ–ရုရှားနဲ့ အမေရိကန်နိုင်ငံကိုသွားတာမို့ သူတို့အတွက် အန္တရာယ်မရှိဘူးလို့ တရုတ်မူးယစ်ဆေးအရာထမ်းတဦးက ဆိုပါတယ်။ တရုတ်ပြည်မှာသုံးတဲ့ ဘိန်းဖြူနဲ့စိတ်ကြွဆေးကသာ မြန်မာပြည်ကလာတာဖြစ်တယ်လို့ သူကဆိုပါတယ်။ တကယ်တော့ နယ်စပ်ကုန်သွယ်ရေးထွန်းကားလာလို့ မူးယစ်ဆေးမှောင်ခိုရှင်သန်တာဖြစ်ပါ တယ်။

တရုတ်ပြည်မှာ ဈေးကွက်စနစ်မသုံးမီက မူးယစ်ဆေးပြဿနာလည်းမရှိဘူး။ ဈေးကွက်စနစ်ကျင့်သုံးပြီး နယ်စပ်ကုန်သွယ်ရေးလုပ်တော့မှ ယူနန်–မြန်မာနယ်စပ်ကတဆင့် ဘိန်းဖြူနဲ့စိတ်ကြွဆေး တရုတ်ပြည်ထဲရောက်လာတာပါ။ ယူနန်ပြည်နယ်ထဲ ရောက်လာတဲ့ဘိန်းဖြူကို လမ်းကြောင်းသုံးခုက ဖြန့်ဖြူးပါတယ်။ တရုတ်ပြည်မြောက်ပိုင်းဒေသကို ဆုချွန် Sichuan ပြည်နယ်ကတဆင့် ဖြန့်ဖြူးပြီး အလယ်ပိုင်းဒေသကိုတော့ ဂွေ့ကျောင် Guizou ပြည်နယ်ကတဆင့် ဖြန့်ဖြူးပါတယ်။ တောင်းပိုင်းကမ်းရိုးတန်းဒေသမှာတော့ ဂွမ့်ရှိ Guangxi နဲ့ ဂွမ့်ဒုံ Guangdong ကတဆင့် ဟောင်ကောင်အထိဖြန့်ဖြူးပါတယ်။ တရုတ်–မြန်မာနယ်စပ်ကုန်သွယ်ရေးရဲ့ နောက်ဆက်တွဲ ရလဒ်တွေပါဘဲ။

ကီလိုမီတာ ၂၀၀၀ ကျော်ရှည်လျားတဲ့ တရုတ်–မြန်မာနယ်စပ်တလျှောက်လုံး အစောင့်ချနိုင်တာမဟုတ်ပါဘူး။ ဒီလိုနယ်စပ်က ဘိန်းမှောင်ခိုဝင်လာတာကို တားမြစ်ဘို့မလွယ်ပါဘူး။ နောက်တချက်က နယ်စပ်ကိုခွပြီးနေထိုင်တဲ့ လယ်သမားတွေ ရှေးကတည်းကရှိနေတာပါဘဲ။ တရုတ်ပြည်ထဲမှာ အိမ်ရှိနေပြီး မြန်မာပြည်ဘက်မှာ စိုက်ခင်းရှိတဲ့လယ်သမားတွေရှိပါတယ်။ ဒီလိုလယ်သမားတွေဟာ အလွယ်တကူငွေရမယ့် သယ်ယူပို့ဆောင်ရေးအလုပ်ကို ယာယီလုပ်ပေးနိုင်ပါတယ်။

တရုတ်ကွန်မြူနစ်ပါတီက နေရာတကာချုပ်ကိုင်ပြီး ကွန်မြူနစ်စီးပွားရေးစနစ်ကျင့်သုံးတုန်းကတော့ မိသားစုမှတ်ပုံတင်စာရင်းလုပ်ပြီး အသွားအလာကို တင်းတင်းကျပ်ကျပ်ချုပ်ချယ်တာကြောင့် မြန်မာပြည်ကမူးယစ်ဆေးကို သွားယူဘို့မလွယ်ပါဘူး။ အခုတော့ တရုတ်–မြန်မာကုန်သွယ်ရေးရဲ့ ၅၀ ရာခိုင်နှုန်းဟာ ယူနန်–မြန်မာကုန်သွယ်ရေးဖြစ်နေပါပြီ။ မြန်မာ့သဘာဝသယံဇာတပစ္စည်းကို နယ်စပ်ကတဆင့် တရုတ်ပြည်ကိုတင်သွင်းနေသလို ရွှေတြိဂံနယ်မြေက မူးယစ်ဆေးကိုလည်း တင်သွင်းနေပါတယ်။ ကုန်အရောင်းအဝယ်သွက်လေလေ ဘိန်းမှောင်ခိုတွေခြေသွက်လေလေဖြစ်နေပါတယ်။ အများအားဖြင့် တရုတ်ပြည်ဘက်ကမှာတဲ့ မူးယစ်ဆေးကို နယ်စပ်တနေရာကတင်သွင်းနိုင်အောင် ကြားလူတွေကစီစဉ်ပေးရပါတယ်။ ဒေသကျွမ်းတဲ့လူဆိုရင် နယ်စပ်ကဖြတ်ကျော်ရတာ လွယ်ပါတယ်။

၂၀၀၀ ခုနှစ်လောက်အထိ ဟောင်ကောင်နဲ့ဂွမ်ကျောင် Guangzhou ကမူးယစ်ဆေးမှောင်ခိုတွေဟာ တရုတ်–မြန်မာနယ်စပ်အထိသွားရောက်ပြီး ဘိန်းဖြူဝယ်ဘို့ကြိုးစားလေ့ရှိပါတယ်။ တချို့ဆိုရင် ကိုးကန့်နဲ့ 'ဝ' ဒေသအထိဝင်ရောက်ပြီး ဘိန်းဖြူရောင်းမယ့်သူကိုရှာပါတယ်။ အခုတော့ ဒီလိုအပင်ပန်းခံပြီးစွန့်စားတာမျိုး မလုပ်ကြတော့ပါဘူး။ မူးယစ်ဆေးလက်ကားဒိုင်လုပ်ချင်သူဟာ ကြားလူကိုသုံးပြီး လိုချင်တဲ့ဘိန်းဖြူကို ရှမ်းပြည်ကတင်သွင်းခိုင်းပါတယ်။ ကိုယ်တိုင်သွားရင် အဖမ်းခံရမယ့်အန္တရယ်ရှိပါတယ်။ ဟောင်ကောင်တရုတ် ယူနန်ရောက်လာရင် ပြောသံဆိုသံနဲ့အမူအရာကိုကြည့်ပြီး ဒေသခံမဟုတ်ကြောင်း ချက်ချင်းသိနိုင်ပါတယ်။ ယောင်လည်လည်ဖြစ်နေရင် ရဲကမယုံသင်္ကာဖြစ်ပြီး စစ်ဆေးမေးမြန်းတတ်ပါတယ်။ တခါတလေ အစိုးရဒလန်နဲ့တွေ့ပြီး ဂျောက်တွန်းခံရပါတယ်။

တရုတ်ဘိန်းမှောင်ခိုတွေ ကျက်စားလေ့ရှိတဲ့ဒေသဟာ တရုတ်ပြည်တောင်ပိုင်း ကမ်းရိုးတန်းဒေသဖြစ်ပါတယ်။ ဂွမ်ဒုံ Gaungdong နဲ့ ဖုကျမ်း Fujian လိုကမ်းရိုးတန်းဒေသဟာ စီးပွားရေးတိုးတက်တဲ့အတွက် ဘိန်းမှောင်ခိုတွေရောက်လာတာဖြစ်ပါတယ်။ နိုင်ငံခြားဘိန်းမှောင်ခိုတွေကလည်း ဒီနေရာကိုဘဲလာရောက်ဆက်သွယ်ကြပါတယ်။ ဒါကြောင့် ဂွမ်တုံနယ်ရဲ့မြို့တော် ဂွမ်ကျောင် Gaungzou ဟာ မူးယစ်ဆေးဖြန့်ဖြူးရာ လက်ကားဈေးကွက်လိုဖြစ်ပြီး ဟောင်ကောင်နဲ့အပြိုင်ဖြစ်လာပါတယ်။

ယူနန်နယ်ကိုရောက်လာတဲ့ ဗမာ့ဘိန်းဖြူကို ဂွမ်ကျောင်မြို့အရင်ဆုံးပို့ပါတယ်။ နောက်တော့မှ တရုတ်တပြည်လုံးစားသုံးဘို့အတွက် ဂွမ်ကျောင်ကဖြန့်ဝေပါတယ်။ စိတ်ကြွဆေးမှာလည်း ဒီလိုဘဲ ဂွမ်ကျောင်ကတဆင့်ဖြန့်ဝေပါတယ်။ ဂွမ်ဒုံနယ်ဟာ စီးပွားရေးအတိုးတက်ဆုံးဒေသအဖြစ်ထင်ရှားပါတယ်။ ဂွမ်ဒုံထွက်ကုန်ပစ္စည်းဟာ အရည်အသွေးကောင်းမွန်တယ်လို့ သတင်းကြီးနေပါတယ်။ ကုန်ပစ္စည်းအညံ့စားကို ညာရောင်းတာမျိုး ဂွမ်ဒုံမှာမကြားရပါဘူး။ ဒါကြောင့် ချမ်းသာချင်တဲ့လူတွေဂွန်ဒုံနယ်ရဲ့မြို့တော် ဂွန်ကျောင်မှာလာရောက် စုဝေးကြတာဖြစ်ပုံရပါတယ်။

ဈေးပိုရတဲ့အတွက် မြန်မာ့မူယစ်ဆေးကို ဂွမ်ကျောင်ကိုအရင်ဆုံးပို့တာလည်းဖြစ်နိုင်ပါတယ်။ ပထဝီအနေအထားအရ အရှေ့တောင်အာရှနဲ့နီးပေမယ့် ဂွမ်ကျောင်ကဘိန်းမှောင်ခိုတွေဟာ ပြည်တွင်းမှာသာဖြန့်ဖြူးဘို့ကို ကြိုးစားကြတယ်လို့သိရပါတယ်။

# သတင်းစာရှင်းလင်းပွဲ မဟုတ်၊ အသိပေးပွဲဟု သတင်းစာသမားများ သုံးသပ်

**DVB၊ မေ ၂၆။** ။ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ထွက်ဆိုရတဲ့ ဒီနေ့ ခုနစ်ရက်မြောက် ရုံးချိန်းမှာ ပြည်တွင်းပြည်ပြည်ပ သတင်းစာဆရာ ၂၅ ဦးနဲ့ နိုင်ငံခြားသံတမန်တွေကို အင်းစိန်အကျဉ်းထောင်တွင်း ခေါ်ယူပြီး သတင်းစာရှင်းလင်းပွဲ တခုလုပ်ခဲ့တယ်လို့ သိရပါတယ်။

ဒီသတင်းစာရှင်းလင်းပွဲကို ဒီကနေ့ မနက် ၈ နာရီ မိနစ် ၃၀ ကနေ မိနစ် ၄၀ အထိ ဆယ်မိနစ်ကြာပြုလုပ်ခဲ့တာပါ၊ အခမ်းအနားမှာ ဒု–ရဲချုပ် မြင့်သိန်းက အသင့်ရေးသားထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုနဲ့ ပတ်သက်တဲ့ စာကိုသာ ဖတ်ကြားပြခဲ့တာလို့လည်း သတင်းစာရှင်းလင်းပွဲကို တက်ရောက်ခဲ့ကြတဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာတွေက ပြောပါတယ်။ ဒီလိုရှင်းလင်းတဲ့နေရာမှာလည်း တက်ရောက်လာတဲ့ စာနယ်ဇင်းသမားတွေနဲ့ သံအမတ်တွေက မေးခွန်းတွေကို မေးမြန်းချင်ပေမယ့်လည်း အခမ်းအနားမစတင်မီကတည်းက မေးခွန်းမေးမြန်းခွင့်မရှိဘူးလို့ အာဏာပိုင်တွေက ကြိုတင်တားမြစ်ထားတယ်လို့ သူတို့ကဆိုပါတယ်။

သတင်းစာရှင်းလင်းပွဲမှာ နအဖပြောကြားခဲ့တဲ့ အကြောင်းအရာတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သတင်းတွေကို ဂျာနယ်တွေမှာ တရားမျှတစွာ ဖော်ပြခွင့်မရှိပုံကို သတင်းဂျာနယ် အယ်ဒီတာတဦးက ပြောပါတယ်။

“အပြင်မှာ ပြန်ပြီးတင်ပြခွင့်၊ မတင်ပြခွင့်သာ ပြဿနာ၊ ဒီမှာတော့ မရဘူး၊ ကျိန်းသေတယ်။ ရှေ့တပတ် လုပ်ပြီးသွားပြီ၊ ရမှမရတာ။ ဒီမှာကတော့ သိတဲ့အတိုင်း ကိုပို့တဲ့ သတင်းတွေက ဘယ်လိုအမှန်ပို့လို့ရမှာလဲ။ စိစစ်ရေးဖြတ်ပြီးမှ ပို့လို့ရတာ။ စိစစ်ရေးမှာတင် အကုန်လုံး ခုတ်ထစ်ပြီး ပျောက်သွားတဲ့ကိစ္စ။ နောက်ဆုံးအဖြစ်က စိစစ်ရေးရှောင်ချင်ရင် မရေးနဲ့၊ ဒါပဲရှိတော့တာ။”

ပထမတခေါက် ဝင်ခွင့်ရတဲ့ ပေါ်ပြူလာဂျာနယ်အယ်ဒီတာချုပ် ဆရာဦးဟိန်းလတ်က သတင်းစာအတိုင်း ဖော်ပြရမှာဖြစ်လို့ ဂျာနယ်မှာ မထည့်ဖြစ်ခဲ့ဘူးလို့ ပြောပါတယ်။ အစိုးအနေနဲ့ ပြည်တွင်းမီဒီယာတွေကို ဝါဒဖြန့်ချိတဲ့ နေရာမှာအသုံးပြုဖို့ အတွက်လုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲဖြစ်တယ်လို့ မြန်မာသတင်းသမဂ္ဂ ဒုဥက္ကဋ္ဌဖြစ်တဲ့ ဦးဇင်လင်းက သုံးသပ်ပါတယ်။

“ဒီနေ့လုပ်တဲ့ကိစ္စက အများပြည်သူ နားထောင်နိုင်တဲ့ ပွဲမျိုးမဟုတ်တဲ့ အပြင် သူတို့ရှင်းတာက ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ သူတို့ဘက်က မတရားသဖြင့် မလုပ်ပါဘူးဆိုတာကို နိုင်ငံတကာကိုရော၊ ပြည်သူကိုပါ လှည့်စားဖို့အတွက် ရှင်းလင်းချက်သာဖြစ်တယ်။ ဝါဒဖြန့်ချိချက်ကို လက်ရှိပြည်တွင်းမှာရှိတဲ့ မီဒီယာသမားတွေကို အသုံးချပြီးတော့ ဝါဒဖြန့်လိုက်တာပဲဖြစ်တယ်။ ဒါကြောင့် ဒီလိုမျိုး သတင်းစာရှင်းလင်းပွဲကို ကျနော်တို့ အသိအမှတ်မပြုဘူး။ သတင်းစာရှင်းလင်းပွဲရဲ့ အနှစ်သာရ အသွင်သဏ္ဍာန်ဘယ်ဟာနဲ့မှ မပြည့်စုံဘူးလို့ ယူဆပါတယ်။”

ဒီနေ့ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပထမတခေါက် တက်ရောက်ခွင့်ရရှိခဲ့တဲ့ နိုင်ငံခြားသတင်းဌာန ၅ ခုက သတင်းထောက်တွေကလွဲလို့ ကျန်သတင်းဌာနအသီးသီးမှ သတင်းထောက်တွေနဲ့အတူ ပြည်တွင်း သတင်းဂျာနယ်တိုက် ၁၀ ခုမှ သတင်းထောက်တွေ တက်ရောက်ခွင့်ရရှိခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို သတင်းထောက်သုံးပစ္စည်း ဘာမှယူဆောင်ခွင့်မရှိခဲ့ဘူးလို့လည်း ပြည်တွင်းသတင်းသမား တွေက ပြောပါတယ်။

---

# တရားသူကြီးနေအိမ် ခဲနဲ့ အပေါက်ခံရ

**DVB၊ မေ ၂၆။** ။ ရန်ကုန် တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက် စိတ္တသုခလမ်းက ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီးဦးသောင်းညွန့်ရဲ့နေအိမ်ကို မနေ့ညက ခဲနဲ့အပေါက်ခံခဲ့ရပြီးတဲ့နောက် လုံခြုံရေးကားတွေ ချက်ချင်းရောက်ရှိလာတယ်လို့ အိမ်နီးနားချင်းတချို့က ပြောပါတယ်။

တရားသူကြီးဦးသောင်းညွန့်ဟာ အင်းစိန်ထောင်တွင်း အထူးတရားရုံးမှာ စစ်ဆေးနေတဲ့ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို စွဲချက်တင်စီရင်နေတဲ့ တရားသူကြီးဖြစ်ပါတယ်၊ ဒီအမှုကိစ္စနဲ့ပတ်သက်ပြီး မကျေနပ်တဲ့လူငယ်တွေက သူ့အိမ်ကို ခဲနဲ့ပေါက်ကြတာလို့ ကျောက်မြောင်းရပ်ကွက် လူငယ်တဦးက ပြောပြပါတယ်။

“ဒေါ်စုကိုစစ်တဲ့ ဦးသောင်းညွန့်အိမ်ကို ခဲနဲ့ထုတာကြားတယ်။ ည ၉ နာရီလောက်က ၃ ချက်လောက် ထုတယ်လို့ပြောတယ်။ ရပ်ကွက်ထဲက လူတွေပဲ။ ချက်ချင်းပဲ လုံခြုံရေးကားတွေ ရောက်လာတယ်လို့ပြောတယ်။ မကျေနပ်တဲ့ လူငယ်တွေက တော်တော်များတယ်။ ဒေါ်စု အဲ့လိုဖြစ်တော့ သူတို့လည်း တော်တော်ခံပြင်းတယ်။ ခံပြင်းတော့ သူတို့အစီအစဉ်ဆွဲထားတယ်။ နေ့စဉ်ရက်ဆက် ခဲနဲ့ထုမယ်တဲ့၊ မနေ့ညက ပထမဆုံးအကြိမ်ပဲ၊ အရင်နေ့တွေက ခြိမ်းခြောက်တာတွေရှိတယ်။ အဲဒီပတ်ဝန်းကျင်မှာ သူ့မိသားစုတွေ ထွက်လာပြီဆိုရင် စောင်းပြောတာတို့၊ ဆဲတာတို့ရှိတယ်။ အခုမိသားတွေကပါ အပြင်ဈေးဝယ်ထွက်ရင် လုံခြုံရေးနဲ့လုပ်နေရပြီ။ ရဲရဲတင်းတင်း မထွက်ရဲတော့ဘူးဖြစ်နေတယ်။”

---

# ကြပ်ပြေးပုံးတွေ့မှု အက်ဖ်ဒီဘီ ငြင်းဆို

**DVB၊ မေလ ၂၅။** ။ နေပြည်တော်ပျဉ်းမနားဘူတာရုံမှာ ပုံးတွေ့ရှိမှုဟာ သူတို့အဖွဲ့နဲ့ လုံးဝ ပတ်သက်မှုမရှိဘူးလို့ အက်ဖ်ဒီဘီလို့ခေါ်တဲ့ ပြည်ပအခြေစိုက် မြန်မာနိုင်ငံဒီမိုကရက်တစ် အင်အားစုက ပြောဆိုပါတယ်။

ဒီနေ့ထုတ် အစိုးရပိုင်သတင်းစာတွေမှာ နေပြည်တော် ပျဉ်းမနားဘူတာစကြံနက ရထားတွဲအိမ်သာအမိုးပေါ်မှာ မပေါက်ကွဲသေးတဲ့ ချိန်ကိုက်မိုင်းတလုံး ဖော်ထုတ်ရမိတဲ့အကြောင်း ဖော်ပြထားပြီး အက်ဖ်ဒီဘီရဲ့ လက်ချက်ဖြစ်နိုင်တယ်ဆိုပြီး ဘာသက်သေမှမပြဘဲ စွပ်စွဲရေးသားထားပါတယ်။ ဒီကိစ္စကို အက်ဖ်ဒီဘီက အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်ဆိုပြီး ပယ်ချလိုက်တာဖြစ်ပါတယ်၊ ဒီစွပ်စွဲချက်နဲ့ပတ်သက်ပြီး အက်ဖ်ဒီဘီ အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်က တုံ့ပြန်ပြောဆိုပါတယ်။

“အက်ဖ်ဒီဘီအနေနဲ့ အကြမ်းမဖက်တဲ့ လူထုလှုပ်ရှားမှုဆိုတာကိုသာ ထောက်ခံပံ့ပိုးတယ်။ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေးကိစ္စကို အဲ့ဒီအပေါ်မှာ အခြေခံတဲ့ မူနဲ့ လုပ်ငန်းစဉ်တွေ ရှိတယ်။ အက်ဖ်ဒီဘီအနေနဲ့ ဒီလိုမျိုး အကြမ်းဖက်တဲ့လုပ်ငန်းတွေဆောင်ရွက်ဖို့ မူလည်းမရှိသလို လုပ်ငန်းစဉ်လည်း မရှိပါဘူး။ ဒီလိုမျိုးဆောင်ရွက်နေတဲ့အနေထားက ၂၀၁၀ မတိုင်ခင်မှာ အတိုက်အခံတွေကို ဖိနှိပ်တာ၊ ဖြိုခွဲတာ၊ ဂုဏ်သိက္ခာကျအောင်လုပ်တာ၊ ပြည်သူတွေအထင်အမြင်လွဲမှားအောင်လုပ်တာလို့ ကျနော်တို့ ယူဆပါတယ်။

“တတိယအချက်အနေနဲ့က ဘာလဲဆိုတော့ အခုလောလောဆယ် ဒေါ်အောင်ဆန်းစုကြည် ကိစ္စမှာ ပြည်သူလူထုရဲ့ နိုးကြားတဲ့ လှုပ်ရှားမှုတွေ၊ ပိုစတာကပ်တာတွေ၊ အဲဒီလို လူစုစုဖြစ်မယ့်ကိစ္စတွေမှာ အကြမ်းဖက်ပုံးခွဲတာတွေရှိမယ်ဆိုတဲ့ သဘောမျိုးနဲ့ ပြည်သူလူထုလှုပ်ရှားမှု ဖြစ်မလာအောင် ခြိမ်းခြောက်ဟန့်တားတဲ့ သဘောမျိုးဖြစ်ပါတယ်။”

ဒ့ါအပြင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စတဲ့မြို့တွေမှာ ဖောက်ခွဲရေးလုပ်ငန်းတွေ လုပ်မယ်ဆိုတဲ့သတင်းကြားရတယ်လို့လည်း သတင်းစာက ရေးပါတယ်။ ဒီအချက်ကိုလည်း ဒေါက်တာနိုင်အောင်က လူထုယုံထင်ကြောင်ထင်ဖြစ်လာစေလိုတဲ့ စစ်အုပ်စုရဲ့ ရည်ရွယ်ချက်ဖြစ်တယ်လို့ ပြောပါတယ်။

“လူနှစ်ယောက် လုပ်တယ်လို့ ပြောတယ်။ အဲ့ဒီ လူနှစ်ယောက်ကိုလည်း သူတို့ မိတာမဟုတ်ဘူး။ ဒီကာလတွေမှာ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေကို လက်နက်ဖြုတ်ဖို့လုပ်တာတို့၊ ဒေါ်အောင်ဆန်းစုကြည်ကို မတရားအမှုဆင်ပြီး ထောင်ချဖို့လုပ်နေတာတို့၊ မြန်မာနိုင်ငံ ရှေ့နေများကောင်စီကို မတရားအသင်းကြေညာတာတို့ အစရှိသဖြင့် အတိုက်အခံအင်အားစုတွေကို ထင်မှားလောက်စရာ အဖြစ်မျိုးဖြစ်လာအောင် ပြည်သူတွေကြားထဲမှာ စိတ်ဝေဝါးမှုတွေဖြစ်လာအောင် ခြိမ်းခြောက်တဲ့ သဘောမျိုးနဲ့လုပ်တယ်လို့ပဲ ကျနော်ထင်ပါတယ်။”

# ဒီမိုကရေစီ၏အခြေခံမှုများ

**ကျော်ကျော်စိုး**

**ယခင်လအဆက်**

အပိုင်း ၁၃

## ဖွဲ့စည်းပုံအခြေခံစနစ်

စာဖြင့်ရေးသားထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတွင်းရှိ ပြည်သူပြည်သားများသည် မည်သို့နေထိုင်ကြမည်ကို သဘောတူညီချက်ဖြစ်သည်၊ ၄င်းတို့၏အစိုးရအဖွဲ့အား မည်သို့သောအခြေခံဖြင့်ဖွဲ့စည်းမည်ဆိုသည်ကို ဖော်ပြထားသည်။ ထို့ကြောင့် ဒီမိုကရက်တစ်ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်သည် လူတဦးချင်းစီ၏လွတ်လပ်မှု၊ လူ့အဖွဲ့အစည်း၏အခွင့်အရေးများ၊ အစိုးရ၏အာဏာကို ကန့်သတ်မှုအယူအဆအပေါ်အခြေခံကာ ဒီမိုကရေစီကျကျ အုပ်ချုပ်ရန် ဘောင်သတ်မှတ်ထားခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေက ဒီမိုကရေစီကျ၍ တာဝန်ခံသောအစိုးရသည် ၄င်း၏အာဏာအား အခြေခံဥပဒေနှင့်အညီ ကန့်သတ်ထားခြင်းကို အသိအမှတ်ပြုသည်။

<u>အခြေခံဥပဒေဆိုသည်မှာ ပြည်သူပြည်သားများ၏ အကျိုးစီးပွားအပါအဝင် လူ့အဖွဲ့အစည်း၏လိုလားချက်နှင့် မျှော်မှန်းချက်များကို သတ်မှတ်ဖော်ပြထားခြင်းဖြစ်သည်။</u>

နိုင်ငံတွင်းရှိ ဥပဒေအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီရေးဆွဲထားခြင်းဖြစ်ရမည်။

ဒီမိုကရေစီတွင် သီးခြားလွတ်လပ်သောတရားစီရင်ရေးက ပြည်သူပြည်သားများက အခြေခံဥပဒေနှင့်မညီ၊ တရားမဝင်ဟု ယုံကြည်သောကိစ္စရပ်များနှင့် အစိုးရ သို့မဟုတ် အစိုးရအရာရှိလုပ်ရပ်များသည် ဥပဒေနှင့်မညီညွတ်ဆိုသည့် တရားရုံးဆုံးဖြတ်ချက်များရရှိစေရေးအတွက် ဥပဒေကြောင်းအရ စိမ်ခေါ် ပိုင်ခွင့်ကိုပေးသည်။

အခြေခံဥပဒေက အစိုးရ၏လုပ်ပိုင်ခွင့်အာဏာပမာဏ၊ ထိုလုပ်ပိုင်ခွင့်ကို ကျင့်သုံးပုံနည်းလမ်း၊ အနာဂတ်ဥပဒေများရေးဆွဲ အတည်ပြုရေးလုပ်ငန်းစဉ်များအပါအဝင် အစိုးရ၏အာဏာကို ဘောင်သတ်မှတ်ထားသည်။

အခြေခံဥပဒေက နိုင်ငံသားဖြစ်မှုနှင့် မည်သူသည်မဲပေးပိုင်ခွင့်ရှိသည်ဆိုသည်ကို ဆုံးဖြတ်သည့်အခြေခံများကိုသတ်မှတ်ထားသည်။

အခြေခံဥပဒေက နိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအခြေခံအုတ်မြစ်များကို တည်ဆောက်သည်၊ ထိုသို့တည်ဆောက်ရာတွင် လွှတ်တော်နှင့်တရားရုံးများ၏ ဖွဲ့စည်းပုံ၊ ရွေးချယ်တင်မြှောက်ခံပုဂ္ဂိုလ်များအတွက် လိုအပ်သောအရည်အချင်း၊ ထိုသူများ၏ ကိုယ်စားပြုသက်တမ်းကာလ စသည်တို့ကို သတ်မှတ်ထားသည်။

အခြေခံဥပဒေက ဝန်ကြီးဌာနများ၏တာဝန်များကို ချမှတ်ထားသည့်အပြင် အခွန်ကောက်ခံပိုင်ခွင့်နှင့် နိုင်ငံကာကွယ်ရေးတပ်ဖွဲ့များဖွဲ့စည်းပိုင်ခွင့်ကို သတ်မှတ်ပေးထားသည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် အခြေခံဥပဒေက အစိုးရ (အုပ်ချုပ်မှုအဆင့်အဆင့်)အာဏာကို မည်သို့ခွဲဝေထားသည်ဆိုသည်ကို ဖော်ပြထားသည်။

အခြေခံဥပဒေကို အချိန်ကာလတခုတွင်ရေးဆွဲထားသည့်အတွက် အနာဂတ်ကာလတွင် ပြည်သူလူထု၏လိုအပ်ချက်အရ ပြုပြင်ပြောင်းလဲရန် လိုအပ်လာပါက ပြုပြင်ပြောင်းလဲနိုင်ခွင့် ရှိရမည်။ ထိုသို့ပြောင်းလဲ၍ရရန် လုပ်ဆောင်ထားခြင်းကြောင့် မျှော်မှန်းတွက်ဆ၍မရသောအရာများ အနာဂတ်တွင် ဖြစ်ပေါ်လာပါက ဤသည်များကိုရင်ဆိုင်နိုင်ရေးမှာ အရေးကြီးလှသည့်အတွက် အစိုးရအနေဖြင့်လိုက်နာလုပ်ဆောင်ရမည့်အခြေခံ စည်းမျဉ်းစည်းကမ်းများကို ရေးသားဖော်ပြထားလေ့ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ယေဘုယျအားဖြင့် အခွင့်အရေးနှစ်မျိုးကို ဖော်ပြထားသည်။ လုပ်ဆောင်ခွင့်မရှိသည့်အရာ(အခွင့်အရေး) နှင့် ရှိသည့်အရာ (အခွင့်အရေး)တို့ဖြစ်သည်။

– လုပ်ဆောင်ခွင့်မရှိသည့်အရာဆိုသည်မှာ အစိုးရအနေဖြင့် မည်သည့်အရာကို လုပ်ဆောင်၍မရဆိုသည်ကို ဖော်ပြထားခြင်းဖြစ်သည်။

ဤအခွင့်အရေးများက အစိုးရအား ကန့်သတ်ထားပြီး ပြည်သူပြည်သားများ၏နေထိုင်ပြုမူမှုများအပေါ် မထိခိုက်စေရေးအတွက်တားဆီးထား ခြင်းဖြစ်သည်။ ဥပမာအားဖြင့်–အစိုးရသည် ပြည်သူပြည်သားများ၏လွတ်လပ်စွာပြောဆိုခွင့်၊ ငြိမ်းချမ်းစွာစုဝေးပိုင်ခွင့်၊ တရားဥပဒေနှင့်မညီပဲ ထောင်ချခြင်းများကို မပြုရဟု သတ်မှတ်ထားခြင်းဖြစ်သည်။

– လုပ်ဆောင်ခွင့်ရှိသည့်အရာဆိုသည်မှာ အစိုးရအနေဖြင့် ပြည်သူပြည်သားများအတွက် လုပ်ဆောင်ပေးရမည့်အရာများနှင့် ပြည်သူပြည်သားများ အနေဖြင့် မည်သည့်အခွင့်အရေးများကို ရရှိရမည်ဆိုသည်ကို သတ်မှတ်ထားခြင်းဖြစ်သည်။ ဥပမာအားဖြင့်–လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအခွင့်အရေးများကို အစိုးရက အာမခံချက်ပေးရမည်များကို ဖော်ပြထားခြင်းဖြစ်သည်။ ထို အာမခံချက်များတွင် ယောက်ျားလေး မိန်းကလေးအားလုံးအတွက် အခြေခံမူလတန်းနှင့်အလယ်တန်း ပညာရပ်များသင်ကြားပိုင်ခွင့်နှင့် အငြိမ်းစားယူပြီးနောက် ပူပင်ကြောင့်ကြကင်းစွာနေထိုင်နိုင်ခွင့်နှင့် ပြည်သူပြည်သားအားလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလုပ်အကိုင်များအတွက်ပါဝင်သည်။

အပိုင်း ၁၄

## လွတ်လပ်စွာပြောဆိုခွင့်

လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒထုတ်ဖော်ပြသခွင့်များ အထူးသဖြင့် နိုင်ငံရေးနှင့် အခြား အများပြည်သူနှင့်ပတ်သက်သည့်အရေးကိစ္စများတွင် ပြောဆိုဆန္ဒပြသခွင့်သည် မည်သည့်ဒီမိုကရေစီတွင်မဆို အသက်သွေးကြောဖြစ်သည်။ ဒီမိုကရက်တစ်အစိုးရသည် ပြောဆိုမှု၊ စာဖြင့်ရေးသားထားမှုအားလုံးလိုလိုကို ထိန်းချုပ်ခြင်းမရှိပေ။ ထို့ကြောင့် ဒီမိုကရေစီတွင် မတူညီသောအမြင်၊ သဘောထားအမျိုးမျိုးဖြင့်ကွဲပြားခြားနားချက်များကိုဖော်ပြသဖြင့် အသံမျိုးစုံဖြင့် ပြည့်နှက်နေပေသည်။

<u>ဒီမိုကရက်တစ်အတွေးအခေါ်ပညာရှင်များ၏အဆိုအရ လွတ်လပ်၍ပွင့်လင်းသောအခြေအတင်ဆွေးနွေးမှုများသည် အကောင်းဆုံးသော ရွေးချယ်မှုကိုဖြစ်စေပြီး၊ ဆိုးရွားလှသည့်အမှားအယွင်းများကို ရှောင်ရှားနိုင်စေသည်ဟုဆိုသည်။</u>

ဒီမိုကရေစီသည် ပြည်သူပြည်သားများ၏ ပညာတတ်မြောက်မှု၊ အသိကြွယ်ဝမှုအပေါ်တည်မှီပေသည်။ ဤသည်ကလည်း ပြည်သူပြည်သားများက ၄င်းတို့နေထိုင်ရာလူ့အသိုင်းအဝိုင်းအတွင်း အများနှင့်သက်ဆိုင်သော အရေးကိစ္စများတွင် တတ်နိုင်သမျှပါဝင်လုပ်ရှားနိုင်မှုနှင့် မမှန်ကန်သော သို့မဟုတ် အစိုးရအရာရှိများနှင့် ၄င်းတို့၏ပေါ်လစီများအပေါ်ဝေဖန်နိုင်ရေးအတွက် သတင်းအချက်များရယူနိုင်မှု၊ ရရှိနိုင်မှုအပေါ်တည်မှီသည်။

ပြည်သူပြည်သားများနှင့် ၄င်းတို့၏ရွေးချယ်ခံပြည်သူ့ ကိုယ်စားလှယ်များက ဒီမိုကရေစီသည်အယူအဆများ၊ အချက်အလက်များ၊ အမြင်များကို ထိန်းချုပ်ကန့်သတ်ခြင်းမရှိ၊ အကျယ်ပြန့်ဆုံးရရှိနိုင်မှုအပေါ်မူတည်သည်ဆိုသည်ကို အသိအမှတ်ပြုလက်ခံကြသည်။

မိမိတို့ကိုယ်တိုင် မိမိတို့ကိုအုပ်ချုပ်နိုင်ရေးအတွက် လွတ်လပ်သောပြည်သူများသည် လွတ်လပ်စွာဆန္ဒထုတ်ဖော်ပြသပိုင်ခွင့်ရှိရမည်ဖြစ်ပြီး၊ ထိုဆန္ဒထုတ်ဖော်ပြသခွင့်ဆိုသည်မှာ လွတ်လပ်စွာပြောဆိုခွင့်နှင့် ရေးသားထုတ်ဝေခွင့်ကို ပွင့်လင်းစွာနှင့် လူသိရှင်ကြားဖြစ်စေရန် ကြိမ်ဖန်များစွာ လုပ်ကိုင်ခွင့်ဖြစ်သည်။

လွတ်လပ်စွာပြောဆိုခွင့်၏အခြေခံမှုကို အစိုးရ၏ဥပဒေဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများက ထိန်းချုပ်ကန့်သတ်ခြင်းမပြုနိုင်ရန် ဒီမိုကရေစီအဖွဲ့အစည်းများက အကာအကွယ်ပေးသင့်သည်။

**စာမျက်နှာ ၁၀ သို့**

# UNSC ရဲ့တောင်းဆိုချက်ကို နအဖလျစ်လျူရှုပြီး ရွေးကောက်ပွဲလုပ်မည်ဟု

**Mizzima ၊ ၆မေ ၂၈ ။** ။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်မှုရရှိရေးအတွက် နအဖစစ်အုပ်စုအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သက်ဆိုင်ရာနိုင်ငံရေးအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရန် တောင်းဆိုချက်ကို စစ်အစိုးရကလျစ်လျူရှုလိုက်ပြီး ရွေးကောက်ပွဲလုပ်မည်ဟုသာ တုန့်ပြန်လိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကိုတရားစွဲကာ အင်းစိန်အကျဉ်းထောင်သို့ ပြောင်းရွှေ့ချုပ်နှောင်ထားမှုဖြစ်ပွားပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့်ပတ်သက်၍ စိုးရိမ်ကြောင်းပြောဆိုခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ တုန့်ပြန်ကြေညာချက်ကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားရာ လူထုလူတန်းစားအသီးသီး ပါဝင်ရေးဆွဲသော အခြေခံဥပဒေတရပ်ရှိနေပြီး ဆက်လက်၍ ၂၀၁၀ တွင် ရွေးကောက်ပွဲကျင်းပသွားမှာဖြစ်တယ်လို့ ပြောထားပါတယ်။

အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီက မေလ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သက်ဆိုင်ရာနိုင်ငံရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသားများ တွေ့ဆုံဆွေးနွေးရေးအတွက် လိုအပ်သောအခြေအနေကောင်းများဖန်တီးပြီး ကုလသမဂ္ဂအထောက်အပံ့ဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတည်ဆောက်ရန် မြန်မာစစ်အစိုးရကို တောင်းဆိုခဲ့တယ်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရန် ပါရှိပါတယ်။

သို့သော် နအဖ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုခြင်းသည် တရားဥပဒေစိုးမိုးရေးလုပ်ငန်းတရပ်သာဖြစ်ပြီး နိုင်ငံရေးအရအကျိုးသက်ရောက်မှု တစုံတရာမရှိနိုင်ကြောင်း ကြေညာချက်တွင်ပြောဆိုလိုက်ပါတယ်။ ယမန်နှစ် စက်တင်ဘာလကစပြီး အကျဉ်းသား ၁၅,၁၁၅ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး လွှတ်ပေးခဲ့တယ်လို့လည်း ပါရှိပါတယ်။ စစ်အစိုးရက လူထုလူတန်းစားအသီးသီးမှ ကိုယ်စားလှယ် ၁,၀၀၀ ကျော်ဖြင့် အခြေခံဥပဒေကို ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ဆန္ဒမဲပေးသူ ၉၂.၄၈ ရာခိုင်နှုန်းက ထောက်ခံမှုပေးခဲ့ပါတယ်။

ထို့ကြောင့် လမ်းပြမြေပုံ၏နောက်တဆင့်အရ ရွေးကောက်ပွဲကိုပြုလုပ်မှာဖြစ်တယ်လို့ ဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ ခုနှစ် လွတ်လပ်သော အထွေထွေရွေးကောက်ပွဲ မဲ ၈၂ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရခဲ့သော်လည်း စစ်အစိုးရက အာဏာလွှဲပေးရန် ငြင်းဆန်ခဲ့ပါတယ်။ ထို့နောက် အခြေခံဥပဒေတရပ်ရေးဆွဲရန် လိုအပ်သည်ဆိုကာ ဝေဖန်ပြောဆိုမှုကိုတားမြစ်ကာ စိတ်ကြိုက်ရွေးချယ်ထားသော ကိုယ်စားလှယ်များဖြင့် ၁၄ နှစ်ကျော်ကြာ ရေးဆွဲခဲ့ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် မဟာမိတ်များက အခြေခံဥပဒေသည် စစ်တပ်အုပ်ချုပ်ရေး တရားဝင်အသက်သွင်းခြင်းဖြစ်တယ်လို့ အခြေခံဥပဒေကိုရေးဆွဲခြင်းကို သပိတ်မှောက်ခဲ့သည်။ စစ်အစိုးရက အတိုက်အခံနိုင်ငံရေးလုပ်ရှားသူများကို ထောင်သွင်းအကျဉ်းချထားခြင်းကို တောက်လျှောက်လုပ်ဆောင်လာခဲ့ရာ လက်ရှိအချိန်တွင် နိုင်ငံရေးအကျဉ်းသား ၁,၂၀၀ ရှိနေတယ်လို့ ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းက ထုတ်ပြန်ထားပါတယ်။

နိုင်ငံရေး အကျဉ်းသားဟူ၍မရှိဘဲ ရာဇဝတ်ပြစ်မှုကျူးလွန်သူများသာဖြစ်ကြောင်း စစ်အစိုးရကတစိုက်မတ်မတ်ပြောဆိုနေခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့်နှင့်လွှတ်ပေးခဲ့သည့် ရာဇဝတ်ပြစ်မှုနှင့် အကျဉ်းကျသူများစာရင်းကို လွှတ်ပေးသည့်စာရင်းတွင် ကိုးကားလေ့ရှိပါတယ်။ တည်ဆဲဥပဒေအရ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ်သက်တမ်းကို ၆ နှစ်ဆက်တိုက် တိုးမြှင့်၍မရတော့သည့်ကာလနီးလာချိန်တွင် အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တောက ဒေါ်အောင်ဆန်းစုကြည်၏ခြံဝင်းအတွင်းသို့ ခိုးဝင်မှုဖြစ်ပေါ်ခဲ့ကာ နေအိမ်အကျယ်ချုပ်ကာလအတွင်း အခွင့်မရှိဘဲ လက်ခံတွေ့ဆုံမှုဖြင့် စစ်အစိုးရက တရားစွဲဆိုမှုဖြစ်ပြီး လက်ရှိ အင်းစိန်အကျဉ်းထောင်တွင် တရားဆိုင်နေရပါတယ်။

မကြာသေးခင်က စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်အကျယ်ချုပ်သက်တမ်းနဲ့ပတ်သက်ပြီး ပြောဆိုမှုအသစ်တရပ်တွင် ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ် ချုပ်နှောင်ထားမှုသက်တမ်းမှာ တောက်လျှောက်အားဖြင့် ၄ နှစ်ခွဲသာရှိနေခဲ့ကြောင်းဖြင့် ၆ လသက်တမ်းတိုးလို့ရသေးတယ်လို့ ပါရှိပါတယ်။

## ရွေးကောက်ပွဲအနိုင်ရ ၁၉ နှစ် နှစ်ပတ်လည်ကျင်းပ

**RFA ၊ ၆မေလ ၂၇ ။** ။ ဒီကနေ့ မေလ ၂၇ ရက်နေ့ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုင်းပြည်နဲ့အဝန်းအနိုင်ရရှိခဲ့တဲ့ ၁၉၉၀ ပြည့်နှစ်၊ မေလ ရွေးကောက် ပွဲ ၁၉ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပါတယ်။

ဒီကနေ့မနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီရုံးချုပ်မှာပြုလုပ်တဲ့အခမ်းအနားနဲ့ပတ်သက်ပြီး ပြန်ကြားရေးတာဝန်ရှိသူ ဒေါက်တာဝင်းနိုင်က အခုလိုပြောပြခဲ့ပါတယ်။ "၁၉ နှစ်မြောက်ရွေးကောက်ပွဲ နှစ်ပတ်လည်နေ့အခမ်းအနား၊ ဒီအခမ်းအနားကိုမစခင်မှာ သူတို့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနဲ့ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ပါစေကြောင်း၊ ကျနော်တို့ဆုတောင်းပြီး ချိုးတွေ၊ ခိုတွေ၊ စာကလေးတွေ လွှတ်တယ်။ နောက် ဖယောင်းတိုင်တွေထွန်း ၂ မိနစ်ငြိမ်သက်ပြီး ဆုတောင်းတယ်။ အကျဉ်းသားတွေအတွက်၊ အဲဒါပြီးရင် ၁၂ နာရီခွဲမှာ ကျနော်တို့အခမ်းအနားစတယ်။"

ဒ့ါအပြင် ဒီကနေ့ရွေးကောက်ပွဲနှစ်ပတ်လည်နေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌရဲ့ သဘာပတိမိန့်ခွန်းနဲ့ အထူးထုတ်ပြန်ချက်တွေကိုလည်း ထုတ်ပြန်ခဲ့ပြီး အခမ်းအနားမှာဒီမိန့်ခွန်းကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုးမြင့်ကဖတ်ကြားပါတယ်။ ရွေးကောက်ပွဲနှစ်ပတ်လည်ကြေညာစာတမ်းကိုတော့ ဦးအုံးကြိုင်က ဖတ်ကြားခဲ့ပါတယ်။ ဒီ ထုတ်ပြန်ချက်တွေထဲမှာ အဓိက ဖော်ပြထားတာကတော့ ၁၉၉၀ ရွေးကောက်ပွဲဟာ စစ်အစိုးရကိုယ်တိုင် ပြဋ္ဌာန်းထားတဲ့ဥပဒေတွေနဲ့ ကျင်းပပေးခဲ့တာဖြစ်တဲ့အတွက် တရားဝင်ဆဲဖြစ်ကြောင်းနဲ့ ဒီရွေးကောက်ပွဲရလာဒ်ကို ပြစ်ပယ်ပြီး နောက်ထပ် ရွေးကောက်ပွဲတရပ်ကို ကျင်းပမယ်ဆိုရင်လည်း အလားတူ စစ်အစိုးရကိုယ်တိုင် ပြဋ္ဌာန်းထားတဲ့ဥပဒေတွေနဲ့ ကတိတွေကို နောက်ထပ်တကြိမ် ထပ်မံချိုးဖောက်နိုင်တယ်ဆိုတဲ့ သံသယတွေ ဖြစ်ပေါ်စေနိုင်ကြောင်း ဖော်ပြထားပါတယ်။

## အင်းစိန်အနီးဈေးသည်တွေဒုက္ခရောက်

**NEJ ၊ ၆မေလ ၂၈ ။** ။ လုံခြုံရေးရဲများချထားမှုကြောင့် အင်းစိန်ဈေးရှိဈေးသည်များဈေးရောင်းမကောင်းကြဘဲ မပြောရဲ မဆိုရဲဖြစ်နေကြကြောင်း ဈေးသူ ဈေးသားများက ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အမှု စတင်စစ်ဆေးတဲ့နေ့မှစပြီး စစ်အစိုးရအာဏာပိုင်တွေက ဈေးထိပ် ပေါက်တော ဝမှစပြီး ဘုရင့်နောင်လမ်းမီးပွိုင့်အထိ လမ်းများပိတ်ဆို့ထားသဖြင့် မဖြစ်မနေဈေးဝယ်လိုသူအချို့မှလွဲ၍ ဈေးဝယ်သူမရှိသလောက် နည်းပါးနေကြောင်း အင်းစိန်ဈေးမှ ဈေးဆိုင်ပိုင်ရှင်တဦးက ပြောပါတယ်။

ဈေးတွင်းမှ ကျောင်းသုံးပစ္စည်း အရောင်းဆိုင်ပိုင်ရှင်တဦးကလည်း ရောင်းမကောင်းတာ ၉ ရက်ရှိပြီလို့ပြောပါတယ်။ အင်းစိန်ဈေးတွင် အသီးအနှံ၊ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး ရောင်းသူအချို့လည်း ယခင်ကဲ့သို့ ဈေးမရောင်းရသောကြောင့် တိုးတိုးတိတ်တိတ် ညည်းတွားနေကြပါတယ်။

အင်းစိန်ထောင် အရှေ့မျက်နှာစာတန်းတွင်လည်း အလားတူပစ္စည်းအစုံအလင်ဖြင့် ရဲကား ၆ စင်း အရန်သင့်စောင့်ဆိုင်းနေတာကို တွေ့ရကြောင်း အင်းစိန်မြို့ခံတွေက ပြောပါတယ်။ အင်းစိန်ထောင် ဘေးပတ်ပတ်လည်တွင်လည်း လုံထိန်းအပြည့်တင်ထားသော ရဲကားများကို လုံခြုံရေးနာမည်ဖြင့် စနစ်တကျ ချထားကြောင်း သိရပါတယ်။

# သူ့ အမြင်

ထူးခြားပြောင်မြောက်တဲ့သတ္တိရှိပြီး အမျှော်အမြင်ကြီးမားစွာ ဦးဆောင် ဦးရွက်ပြုနိုင်သူ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဗြိတိန်နိုင်ငံရဲ့ ဝန်ကြီးချုပ်က **Mr.Gordon Brown** က အိတ်ဖွင့်ပေးစာတစောင် မကြာသေးခင်က ရေးသားပေးပို့လိုက်ပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ခင်ဗျား၊ ခင်ဗျားဟာ တယောက်ထဲ အထီးကျန်နေတာမဟုတ်ပါဘူး"လို့ သတင်းစကားပါးရင်း ဝန်ကြီးချုပ် **Mr.Gordon** က ဒီစာကို ဒေါ်အောင်ဆန်းစုကြည်ထံကို ရေးသားပေးပို့လိုက်တာဖြစ်ပါတယ်။ သူ့စာထဲမှာ ဝန်ကြီးချုပ်က **Mr.Gordon** "ကျနော်တို့ဟာ စည်းလုံးညီညွတ်စွာနဲ့ စိတ်ရောကိုယ်ပါ ခင်ဗျားနဲ့အတူရှိနေပါတယ်။ ဗြိတိသျှအစိုးရအနေနဲ့လည်း နိုင်ငံတကာမိတ်ဆွေ ခေါင်းဆောင်များနဲ့အတူပူးပေါင်းပြီး ခင်ဗျားရဲ့နိုင်ငံမှာ တည်ငြိမ်အေးချမ်းပြီး စီးပွားရေးပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ကူညီထောက်ပံ့ပေးသွားမယ်ဆိုတာကိုလည်း ပြောပါရစေ" လို့စာထဲမှာ ရေးသားထားပါတယ်။ ဝန်ကြီးချုပ် **Mr.Gordon** ရဲ့ စာအပြည့်အစုံကို အခုတပတ်သူ့အမြင်ကဏ္ဍအဖြစ် တင်ဆက်လိုက်ပါတယ်။

"ချစ်ခင်လေးစားရပါသော မိတ်ဆွေ ဒေါ်အောင်ဆန်းစုကြည်ခင်ဗျား... နအဖဗိုလ်ချုပ်တွေဟာ ယဉ်ကျေးတဲ့ ကမ္ဘာ့မိသားစုအသိုင်းအဝိုင်းနဲ့ ခင်ဗျားရဲ့ ပြည်သူပြည်သားတွေက နေအိမ်အကျယ်ချုပ်ကနေ ခင်ဗျားကိုလွှတ်ပေးဖို့တောင်းဆိုနေတာကို ဆက်လက် ငြင်းဆန်နေပါတယ်။ ဒါကို ကျနော်တို့လည်း ဆွေးနွေးပြောဆိုနေကြတာပါ။ ဒီမိုကရေစီအခွင့်အရေးနဲ့လွတ်လပ်မှုအခွင့်အရေးတွေကို ငြင်းဆိုခံနေရတဲ့ ခင်ဗျားနဲ့မြန်မာပြည်သူတွေကို ဆက်သွယ်နိုင်ဖို့တခုတည်းသော နည်းလမ်းက ဒီအိပ်ဖွင့်ပေးစာရေးဖို့ အတွေးပေါ်လာတာပါ၊ ခင်ဗျားကိုအသိပေးလိုတာက ခင်ဗျားဟာ တယောက်တည်းအထီးကျန်နေတာမဟုတ်ပါဘူး၊ ခင်ဗျားနဲ့အတူ ကျနော်တို့အားလုံးရှိနေတယ်၊ ဗြိတိန်လူမျိုးတွေသာမကပဲ လွတ်လပ်မှုနဲ့ ဒီမိုကရေစီအခွင့်အရေးတွေ ထွန်းကားတဲ့ နေရာတိုင်းမှာရှိ ယဉ်ကျေးတဲ့ ကမ္ဘာ့မိသားစုအသိုင်းအဝိုင်းလည်း အတူရှိနေတာပါ။"

"ခင်ဗျားရဲ့ ထူးခြားပြောင်မြောက်တဲ့ သတ္တိရှိမှု၊ အမျှော်အမြင်ကြီးမားစွာနဲ့ခေါင်းဆောင်နိုင်မှုတွေကို ကျနော်တို့အထင်ကြီးလေးစားနေကြတာပါ။ စည်းလွတ်ဝါးလွတ်အာဏာရှင်တွေဟာ နောက်ဆုံးမှာ ကျရှုံးမယ်၊ ဖိနှိပ်ချုပ်ချယ်မှုမရှိခြင်းဟာ အကောင်းဆုံးဆိုတာသိထားတော့ စိတ်အားတက်ရပါတယ်။ သမိုင်းစာမျက်နှာတွေမှာ မတရားမှုဖြစ်ရပ်တွေ အပုံအပင်ရှိပါတယ်။ တဖက်မှာလည်း ရှန်းကန်တော်လှန်မှုတွေ အောင်မြင်မှုတွေ မျှော်လင်ချက်တွေနဲ့ပြည့်နှက်နေပြီး၊ အဲဒါတွေဟာ လွတ်လပ်မှုကို တမ်းတနေတဲ့ လူတွေရဲ့ဆန္ဒတွေကို ပြည့်ဝစေနိုင်တာပါ။ ခင်ဗျားရဲ့ထူးခြားတဲ့သမိုင်းစာမျက်နှာတွေဟာ အဲဒီအကြောင်းအရာတွေနဲ့ ထပ်တူဖြစ်နေပြီး လွတ်လပ်မှုကို အာသာငမ်းငမ်းလိုလားနေတဲ့ ခင်ဗျားရဲ့ပြည်သူတွေအတွက် မဝေးတော့တဲ့တနေ့မှာ ရရှိလာတော့မယ်ဆိုတာ ကျနော်လုံးဝယုံကြည်ထားပါတယ်။ ဒါဟာ ခင်ဗျားရဲ့ မဆုတ်မနစ်ဇွဲနဲ့ကြိုးပမ်းအားထုတ်မှုတွေရဲ့ ကြီးမားတဲ့ ရလဒ်ကောင်းတွေဖြစ်ပါတယ်။"

"ကျနော်တို့ဟာ စည်းလုံးညီညွတ်စွာနဲ့ စိတ်ရောကိုယ်ပါ ခင်ဗျားနဲ့အတူရှိနေပါတယ်။ ဗြိတိသျှအစိုးရအနေနဲ့လည်း နိုင်ငံတကာမိတ်ဆွေ ခေါင်းဆောင်များနဲ့အတူပူးပေါင်းပြီး ခင်ဗျားရဲ့နိုင်ငံမှာ တည်ငြိမ်အေးချမ်းပြီး စီးပွားရေးပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ကြီးကြီးမားမားကူညီထောက်ပံ့ ပေးသွားမယ်ဆိုတာကိုလည်း ပြောပါရစေ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာလည်း မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်အသွင်ကူးပြောင်းရေးအတွက် လိုအပ်တာတွေကို တဆင်ခြင်းလုပ်ဆောင်နေပါတယ်။ ဥရောပမိတ်ဆွေနိုင်ငံများနှင့်အတူပူးပေါင်းပြီး စီးပွားရေးပိတ်ဆို့တွေကို ကျနော်တို့ဆက်လက်လုပ်ဆောင်သွားမှာပါ၊ မြန်မာပြည်သူတွေရဲ့ လွတ်လပ်မှုနဲ့ဒီမိုကရေစီအခွင့်အရေးတွေကို ငြင်းဆန်ပြီး အာဏာရှင်တွေနဲ့စီးပွားရေးလုပ်နေတဲ့ မည်သူတဦးတယောက်ကိုမဆို ကျနော်တို့ ဦးတည်ပြီး ဆန့်ကျင်သွားမှာပါ။ ခင်ဗျားနဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ချွင်းချက်မရှိလွှတ်ပေးရေးကိုလည်း အိမ်နီးချင်း အာဆီယံနိုင်ငံတွေကို ကြိုးပမ်းအားထုတ်ကြဖို့ ဆက်ပြီး ဖိအားပေးပြောဆိုပါမယ်။"

" မြန်မာပြည်သူလူထုဟာ ပြည်တွင်းပဋိပက္ခတွေနဲ့ အထီးကျန်ခံစားနေခဲ့ရတာ ရာစုနှစ်တဝက်နီးပါးရှိပါပြီ၊ အခုအချိန်ဟာ သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်ဖို့အတွက် အခြေအနေအကောင်းဆုံးဖြစ်တယ်ဆိုတာကို နအဖစစ်ဗိုလ်ချုပ်တွေကို ကျနော် အထူးသတိပေးပြောလိုပါတယ်။ ခင်ဗျားကို အကျဉ်းချထားတဲ့ နအဖစစ်ဗိုလ်ချုပ်တွေကို ကျနော်ပြောချင်တာက အခုချိန်ဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အင်မတန်လျော်ကန်သင့်မြတ်တဲ့ အချိန်အခါသမယဖြစ်တယ်ဆိုတာပါပဲ၊ အနာဂါတ် မြန်မာပြည်ရဲ့အရေးမှာ ခင်ဗျားကို ပါဝင်ခွင့်ပိတ်ပင်ထားမယ်၊ ခင်ဗျားကို ထောင်သွင်းအကျဉ်းချပြီး နှုတ်ပိတ်ထားမယ်ဆိုရင်၊ နောက်ထပ်ရာစုနှစ်များစွာ အာဏာရှင်အောက်မှာ ဗမာပြည်သူတွေ ဆင်းရဲတွင်းနက်ပြီး ဆက်လက်အထီးကျန်ဖြစ်နေဦးမှာပါ။"

"ခင်ဗျားကို ဆက်လက်ပြီး အခုလို ထောင်သွင်းအကျဉ်းချထားမယ်ဆိုရင် ခင်ဗျား ကြိုးပမ်းလှုပ်ရှားနေတဲ့ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးတွေ မြန်မာပြည်မှာရှိတယ်လို့ ကျနော်တို့မယူဆသင့်ဘူး၊ မြန်မာနိုင်ငံတွင်းမှာ လွတ်လပ်မှုနဲ့ လုံခြုံမှုရရှိရေးလုပ်ဆောင်ရာမှာ ခင်ဗျားအနေနဲ့ အဓိကတာဝန်ယူလုပ်ဆောင်နိုင်မှုမရမခြင်း ကျနော်တို့အားလုံးဟာ တိတ်ဆိတ်မနေသင့်ပါဘူး။ မြန်မာပြည်ဒီမိုကရေစီရရှိရေးလှုပ်ရှားမှုအတွင်း လူ့အခွင့်အရေးတွေကာကွယ်ကြ၊ ဆင်းရဲဒုက္ခမျိုးစုံ ရင်ဆိုင်ကြုံတွေ့ကြရင်း၊ နှစ်ရှည်ထောင်ချခံရသူတွေ၊ အနှိပ်စက်ခံနေရသူတွေ၊ သေသည် ရှင်သည်မသိပျောက်ဆုံးနေသူတွေနဲ့အတူတကွ ကျနော်တို့ဟာ တသားတည်းရှိနေတယ်ဆိုတာကို ပြောပါရစေ။ နောက်ဆုံး ဒေါ်စုကို ကျနော် အလေးအနက်ပြောချင်တာက ခင်ဗျားဟာ တယောက်ထဲ အထီးကျန်နေတာမဟုတ်ဘူးဆိုတာပါပဲ။" ☆☆☆☆☆

---

# ဒေါ်စုလွှတ်ရေး ဆန္ဒပြသူ ဖမ်းဆီးခံရ

**DVB । မေလ ၂၈ ။** ။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး တကိုယ်တော်ဆန္ဒပြမှုတခု ဒီနေ့ နေ့လည် ၁ နာရီခွဲ လောက်က အင်းစိန်ထောင်ရှေ့မှာ ဖြစ်ပွားခဲ့တယ်လို့ မျက်မြင်တွေ့ရှိသူတွေက ပြောပါ တယ်။

စာလုံးအနီနဲ့ 'အမေစု ချက်ချင်းလွှတ်' လို့ရေးထားတဲ့ အဖြူရောင် ဆိုင်းဘုတ်ကိုကိုင်ပြီး လမ်းလျှောက်ဆန္ဒပြခဲ့တာလို့ တွေ့ရှိခဲ့သူတွေက ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အမှုကို ကြားနာနေတဲ့ အင်းစိန်ထောင်အနီး တကိုယ်တော်ဆန္ဒပြခဲ့တာဖြစ်ပြီး ချက်ချင်းပဲ အရပ်ဝတ်နဲ့လုံခြုံရေးတွေက ဒရွတ်တိုက် ဆွဲခေါ်ဖမ်းဆီးသွားတယ်လို့ မျက်မြင်တဦးက ပြောပါတယ်။

သူ့ကိုဖမ်းဆီးပြီး အင်းစိန်ဈေးအတွင်း ခေါ်သွားပေမယ့် အခုအချိန်အထိ ပြန်လွှတ်မလွှတ်ဆိုတာကို မသိရသေးပါဘူး။ အခုဖမ်းဆီးခံလိုက်ရတဲ့ တကိုယ်တော်ဆန္ဒပြသူဟာ တောင်ဒဂုံမြို့သစ်က ဦးဇော်ညွန့် ဖြစ်ပြီး ၈၈ အလုပ်သမားအဖွဲ့အဖွဲ့ဝင်တဦးဖြစ်တယ်လို့ သူ့ရဲ့ မိတ်ဆွေတချို့က ပြောပါတယ်။

**မေ ၂၂၊ BKK ။ ။** မြန်မာ၏ လျှို့ဝှက်သတ်ဖြတ်ကွင်းပြင် Burma's Secret Killing Fields ကို နိုင်ငံရေးအကျဉ်းသားများအား ကူညီစောင့်ရှောက်ရေးအသင်း AAPP မှ ထုတ်ပြန်၏။ နိုင်ငံရေးအကျဉ်းသားများစွာ ထောင်တွင်း ရက်စက်စွာညှဉ်းပမ်း၊ နှိပ်စက်၊ ဆေးဝါးကုသမှုမပေးခြင်း၊ သတ်ဖြတ်ခံရသည့်ဖြစ်ရပ်များကို အတိအကျ ဖေါ်ပြထား၏။

**မေ ၂၄၊ AFP ။ ။** မေ ၂၅ စစ်မည့် ဒေါ်အောင်ဆန်းစုကြည်အမှုအတွက် မိမိတို့တရားခံဖက်မှ အသင့်ပြင်ထားကြောင်း သူမ၏ရှေ့နေများမှဆို၏။

**မေ ၂၄၊ AP ။ ။** နေပြည်တော်၌ ယနေ့ရထားပေါ်တွင် အချိန်ကိုက်ဗုံးတလုံးတွေ့ကြောင်းနှင့် မကဒတ လက်ချက်ဖြစ်ကြောင်း နအဖမှ စွပ်စွဲ၏။

**မေ ၂၄၊ PARIS ။ ။** ပြင်သစ်နှင့်အီးယူသည်အစွမ်းကုန်ကြိုးစားသော်လည်း ဒေါ်အောင်ဆန်းစုကြည်လွတ်ရန် အာရှသည် အဓိကဟု ပြင်သစ်လူ့အခွင့်အရေးဝန်ကြီးမှဆို၏။

**မေ ၂၄၊ Rtrs ။ ။** ဒေါ်အောင်ဆန်းစုကြည်တွင် အပြစ်မရှိဟု ယုံကြည်ကြောင်း သို့သော်နအဖသည် ယမယ်ရှာအပြစ်ပေးမည်ဟု မြန်မာပြည်သူအများစုမှ ထင်ကြောင်း။

**မေ ၂၆၊ Business Day ။ ။** မြန်မာ ရင်ကြားစေ့ရေးအတွက် တောင်အာဖရိကနိုင်ငံသည် မြန်မာသို့ အထူးညှိနှိုင်းရေးအဖွဲ့ လွှတ်လို၍ စီစဉ်နေ၏။

**မေ ၂၆၊ UN ။ ။** ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် လူ ဖ သိန်းမှ စုပေါင်းလက်မှတ်ရေးထိုး၍ ကုလအတွင်းရေးမှူးချုပ်ထံ ပို့လိုက်ကြောင်း မြန်မာနိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးလှုပ်ရှားမှုကော်မတီ CCFBPP မှဆို၏။

**မေ ၂၆၊ AP ။ ။** မိမိတွင်အပြစ်မရှိကြောင်း၊ Yettaw နှင့် အိမ်စောင့်တပ်သားများ အပြစ်မရရန်လုပ်ခြင်းသာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ အမှုဒုတိယနေ့တွင် ထွက်ဆို၏။

**မေ ၂၆၊ Nation ။ ။** ဒေါ်အောင်ဆန်းစုကြည်အား မေ ၂၇ တွင် လွှတ်ရန်အစီအစဉ်ရှိကြောင်း၊ သို့သော် သူမသည် အိမ်တွင်တပါးသူကိုလက်ခံခြင်းဖြင့် အကျယ်ချုပ်ချိုးဖေါက်ခဲ့ကြောင်း နအဖ ရဲချုပ်ဦးမြင့်သိန်း မှဆို၏။

**မေ ၂၆၊ BP ။ ။** ဒေါ်စုအားလွှတ်ရန် အာဆီယံအလှည့်ကျဥက္ကဋ္ဌထိုင်းမှ ပြောခြင်းသည် မြန်မာအရေးဝင်စွက်သည်ဟု နအဖမှစွပ်စွဲမှုကို ထိုင်းမှငြင်းဆို၏။

**မေ ၂၆၊ KL ။ ။** ဒေါ်အောင်ဆန်းစုကြည်အား ဆက်ချုပ်ထားလျှင် နအဖအား အာဆီယံမှထုတ်ပယ်ရန် AIPMC အာဆီယံ ပါလီမန်အမတ်အဖွဲ့ မှ တောင်းဆို၏။

**မေ ၂၆၊ DVB ။** ။ ကချင်ပြည်နယ်တွင်း နအဖမှကျူးလွန်သော မုဒိမ်းမှုများသည် မယုံနိုင်လောက်အောင်များကြောင်း CSW ခရစ်ယာန်ညီညွတ်မှုအသင်း မှဆို၏။

**မေ ၂၇၊ NLD ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် မိမိအကျယ်ချုပ် မချိုးဖေါက်ကြောင်း မိမိတွင်အပြစ်မရှိကြောင်း တရားရုံးသို့ စာဖြင့် အစီရင်ခံစာ အပြည့်အစုံတင်ကြောင်း။

**မေ ၂၈၊ Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးပါတီအားလုံးပါသည့် ဆွေးနွေးပွဲပြုရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏တောင်းဆိုချက်ကို လက်မခံဘဲ နအဖသည် ၂၀၁၀ ရွေးကောက်ပွဲသို့ မိမိရေးဆွဲသည် လမ်းပြမြေပုံ အစီအစဉ်အတိုင်း ဆက်သွားနေကြောင်း။

**မေ ၂၈၊ RGN-AP ။ ။** ဒေါ်အောင်ဆန်းစုကြည်အမှုတွင် သူမဖက်က သက်သေပြခွင့်ရတဦးတည်းသော သက်သေရှေ့နေဦးကြည်ဝင်း ထွက်ဆိုပြီးနောက် သူမ၏ရှေ့နေဦးဉာဏ်ဝင်းသည် အမှုအတွက်အားရှိကြောင်း ဖြင့်ဆို၏။ ဦးတင်ဦး(အဲန်အဲလ်ဒီ) သည် တရားခံပြသက်သေစာရင်းတွင်ပါသော်လည်း သက်သေပြခွင့်မရခဲ့။

**မေ ၂၈၊ UN ။ ။** ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO သည် နာဂစ်မုန်တိုင်းဒဏ်ဒေသခံ လယ်ယာနှင့်တံငါ ၃၂၀၀၀ တို့အား နှစ်ရှည်စီမံကိန်းဖြင့် ဒေါ်လာ ၅ သန်းကျော်အကုန်ခံကာ အသက်မွေဝမ်းကြောင်း ခိုင်လုံအောင်ကူညီရန် ထိုအဖွဲ့နှင့် အီတလီအစိုးရတို့ သဘောတူလက်မှတ်ရေးထိုး၏။

**မ ၂၉၊ Times of India ။ ။** နအဖသည် ဒေါ်အောင်ဆန်းစုကြည်အား ချက်ခြင်းလွှတ်သင့်ကြောင်းနှင့်၊ အိန္ဒိယသည် နအဖနှင့် စီးပွားဖက်နေ၍ မြန်မာဒီမိုကရေစီရေးတွင် မဝေဖန်ရဲဘဲ၊ ဒီမိုကရေစီမပီပြင်ကြောင်း သတင်းအာဘော်မှ ဝေဖန်၏။

**မေ ၂၉၊ KL ။ ။** ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ရန် အာဆီယံအမတ်များတောင်းဆိုမှုတွင် နောက်ထပ် အမတ် ၁၀၀ ကျော်ခန့်တိုးလာကြောင်း။ စင်္ကာပူမှ အမတ် Charles Chong နှင့် Inderjit Singh တို့မှ မြန်မာအား အာဆီယံမှယာယီထုတ်ပယ်ထားရန် တောင်းဆို၏။ အာဆီယံအနေဖြင့် ထိုအချက်ကို အလေးအနက်စဉ်းစားနေ၏။

**မေ ၂၉၊ Mizzima ။ ။** မိမိသည် ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ရေကူးလာစဉ် နအဖအစောင့်များသည် ခဲဖြင့် ပစ်သော်လည်း မိမိအား ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ သွားရန် တားဆီးခြင်းမရှိဟု သက်သေ Yettaw မှ ယမန်နေ့က ထွက်ဆို၏။ အမှုကို ဇွန် ၁ သို့ရက်ချိန်းလိုက်ကြောင်း ။

**မေ ၂၉၊ RGN-Rtrs ။ ။** ဒေါ်အောင်ဆန်းစုကြည် နေမကောင်း၍ အမှုအား နောက်ဆုံးလျှောက်လဲချက်အတွက် ဇွန် ၅ သို့ချိန်းလိုက်ကြောင်း။

**မေ ၂၉၊ Nation ။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး မလွှတ်မချင်း မြန်မာအား အာဆီယံမှထုတ်ပယ်ထားရန် စာရေးသူ Kris Kaye မှ ဝေဖန်အကြံပြု၏။

**မေ ၂၉၊ Guardian ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် နအဖအတွက် ကြောက်မုန်းစရာမဟုတ်၊ အခွင့်အရေးတခုဖြစ်ကြောင်း။

**မေ ၂၉၊ Irrawaddy ။ ။** ၁၉၇၅ နိုင်ငံတော်လုံခြုံရေးဥပဒေသည် ၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အတည်မဖြစ်တော့၍ ဒေါ်အောင်ဆန်းစုကြည်အပေါ်စွဲဆိုချက်သည် တရားမဝင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ မိမိသို့ဆိုကြောင်း သူမ၏ရှေ့နေဦးဉာဏ်ဝင်းမှ ရောဝတီ၏မေးမြန်းချက်တွင် ဆို၏။

**မေ ၃၀၊ PHNOM PENH ။ ။** အာဆီယံ–အီးယူ အစည်းအဝေးစပြီး မိနစ်အပိုင်းအတွင်း မြန်မာ၏ အတွင်းရေးကို မဆွေးနွေးရန် နအဖကိုယ်စားလှယ်ဒုနိုင်ငံခြားရေးဝန်ကြီးဦးမောင်မြင့်မှ တက်ရောက်သော နိုင်ငံများသို့သတိပေး၏။

**မေ ၃၀၊ Asia Times ။** ။ နဝတစစ်ဗိုလ်တို့၏ ပြည်တွင်းရေးဝင်မစွက်ရေးစကားသည် ခေတ်ကုန်ပြီဟု ဖင်လင်နိုင်ငံခြားရေးဝန်ကြီးမှဆို၏။ မြန်မာသည် ဒေါ်အောင်ဆန်းစုကြည်အား စော်ကား၍ နောက်သို့ခြေတလှမ်း ရောက်သွားကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အပေါ်စေါ်ကားမှုသည် ပြည်တွင်းရေးပြဿနာသာဖြစ်သည်ဆိုသည်မှာ မှားကြောင်း။ ချက်နိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီး Jan Kohout မှဆို၏။

**မေ ၃၀၊ Nation ။ ။** အာဆီယံသည် ဒေါ်အောင်ဆန်းစုကြည်အပေါ် နအဖ၏ မတရားလုပ်မှုများအတွက် နအဖအား ပြစ်တင်ဆုံးမခြင်းကို လုပ်ရမည်ဟု သတင်း

**စာမျက်နှာ ၁၂ သို့**

# ဒေါ်အောင်ဆန်းစုကြည်ဘက်မှတဦးတည်းသောသက်သေ တရားရုံးမှာထွက်ဆို

**VOA | မေလ ၂၈ ။**  ။ တားမြစ်ချက်ကိုချိုးဖောက်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ရန် ကုန်အင်းစိန်ထောင်ထဲက အထူးတရားခွင်မှာ ရင်ဆိုင်နေရတဲ့ မြန်မာ့ဒီမိုက ရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဘက်က ခုခံချေပတဲ့ သက်သေတဦး ရဲ့ထွက်ဆိုချက်ကို ဒီကနေ့ရုံးတော်က ကြားနာခဲ့ပြီး နောက်တကြိမ်ရုံးချိန်းကိုတော့ တနင်္လာနေ့ကိုရွှေ့ဆိုင်းလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥပဒေအကျိုးဆောင်တွေကတော့ ဒီလိုသက် သေတဦးသာ ထွက်ဆိုခွင့်ပေးတဲ့အတွက် တောင်းဆိုတင်ပြတာတွေ ထပ်လုပ်ဘို့ လည်းပြင်ဆင်နေပါတယ်။ ဒီလို အင်းစိန်ထောင်တွင်း ရုံးတင်စစ်ဆေးနေချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကို အားပေးကြောင်းပြသတဲ့အနေနဲ့ ထောင်အနီးအနား ရောက်လာသူတွေထဲက တကိုယ်တော်ဆန္ဒပြသူတယောက်ကိုလည်း လုံခြုံရေး တပ်ဖွဲ့တွေက ဖမ်းဆီးခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပေါ် တားဆီးကန့် သတ်ထားတဲ့အမိန့်ကို ဖောက်ဖျက်တယ်လို့စွပ်စွဲပြီး ကြားနာနေတဲ့ ရန်ကုန် အင်းစိန်ထောင်တွင်းက တရားခွင်မှာ သူ့ဘက်က ခုခံထွက်ဆိုပေးတဲ့ သက်သေ တဦးကိုစစ်ဆေးပြီး အပြီးသတ်လျှောက်လဲချက်တွေ တင်သွင်းဘို့ လာမယ့် တနင်္လာနေ့ကို တရားရုံးကပြန်ပြီး ရက်ချိန်းသတ်မှတ်လိုက်တာပါ။

ဒေါ်အောင်ဆန်းစုကြည်အတွက် ကာကွယ်ထွက်ဆိုပေးဘို့ တင်ပြထားတဲ့ သက်သေ ၄ ယောက်ထဲက ၁ ယောက်ဖြစ်တဲ့ ရောဝတီတိုင်း၊ လပွတ္တာမြို့က အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ် ပါတီက ဦးကြည်ဝင်းကိုသာ ရုံးတော်ကလက်ခံစစ်မေးပြီး အခုနောက်ဆုံးတရားခွင်ကို အဆုံးသတ်ခဲ့တာလည်းဖြစ်ပါတယ်။ အခုဆိုရင် တင် သွင်းလာတဲ့သက်သေတွေကို ကြားနာပြီးဖြစ်တာမို့ ရှေ့တပတ်ကျရင် နှစ်ဘက်ရှေ့ နေတွေက အပြီးသတ်လျှောက်လဲချက်တွေ တင်သွင်းရတော့မှာဖြစ်တဲ့အတွက် မ ကြာခင် တရားခွင်ကြားနာစစ်ဆေးမှုတွေ အဆုံးသတ်တော့မယ်လို့လည်း ဒေါ် အောင်ဆန်းစုကြည်ရဲ့ ဥပဒေအကျိုးဆောင်တဦးဖြစ်တဲ့ ရှေ့နေဦးကြည်ဝင်းက ပြော ပါတယ်။

"ပြောရရင်တော့ ဒီနေ့ရှေ့နေလပွတ္တာက ဦးကြည်ဝင်းကိုစစ်လိုက်တယ်။ ဒီနေ့ကဒါဘဲ။ ပြီးတဲ့အခါကျတော့ ဒို့က သက်သေ ၄ ယောက်တင်တာကိုး၊ ၄ ယောက်တင်တာကို သူတို့က ၁ ယောက်ဘဲလက်ခံတယ်။ ၃ ယောက်ကိုတော့ သူတို့ကမစစ်ဘူးဆိုပြီး ငြင်းတယ် ရုံးက။ အဲဒီဟာကိုလည်းအခု အင်းစိန်သွားပြီး ကော်ပီကူးပြီးတော့ အရေးဆိုမယ်။ ဒီအတိုင်းချည်းငြိမ်တော့မခံဘူး။ အချိန်မီရင် လည်း မီသလိုအရေးဆိုမယ် ဒါဘဲ။ ရုံးချိန်းက တနင်္လာနေ့ကိုအပြီးသတ်လျှောက် လဲချက်၊ အဲဒီ တနင်္လာလျှောက်လဲချက်ပြီးရင် နှစ်ရက် သုံးရက် အလွန်ဆုံးကြာရင် တပတ်ပေါ့။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥပဒေအကျိုးဆောင် ရှေ့နေတဦးဖြစ်တဲ့ဦးကြည် ဝင်း ပြောပြသွားတာပါ။ ဒီလို ထောင်တွင်းအထူးတရားခွင်မှာ စစ်ဆေးနေချိန် ထောင်အနီးပတ်ဝန်းကျင်မှာ လုံခြုံရေးအတားအဆီးတွေကြားက ဒေါ်အောင်ဆန်း စုကြည်ကို အားပေးထောက်ခံကြောင်းပြသဘို့ ရောက်လာသူတွေကလည်း အ များအပြားရှိနေကြဆဲပါ။ ဒီအထဲက အနည်းဆုံးတဦးဟာဆိုရင်လည်း ဒေါ်အောင် ဆန်းစုကြည်ကိုအားပေးရင်း တကိုယ်တော်ဆန္ဒပြရာက အာဏာပိုင်တွေရဲ့ဖမ်းဆီး တာကို ခံခဲ့ရတယ်လို့ အင်းစိန်ထောင်အနီးအနားကို နေ့စဉ်ဆိုသလိုသွားနေတဲ့ အဲန်အဲယ်လ်ဒီပါတီအတွင်းရေးမှူး ဦးဝင်းတင်ကပြောပါတယ်။

"ကျနော်ရောက်သွားတဲ့အခါကျတော့ ခါတိုင်းလိုဘဲ လူ ၂,၀၀၀ ပတ်ဝန်း ကျင်လောက်လာကြတယ်။ ဟိုနေရာတကွဲ၊ ဒီနေရာတကွဲပေါ့။ ဟိုသစ်ပင်ရိပ်၊ ဒီသစ် ပင်ရိပ်၊ အဲလိုဘဲထိုင်ပြီးနေကြတယ်။ ခါတိုင်းလိုဘဲ မုန့်တွေပေးတဲ့လူတွေက ပေးပေါ့။ စားစရာချိုချဉ်ထုပ်ပေးတဲ့လူကပေး၊ မြေပဲပေးတဲ့လူကပေး၊ သောက်ရေသန့်ပေးတဲ့ လူကပေး။ အဲဒီကနေ တနာရီခွဲလောက်ရောက်တဲ့အခါကျတော့ လူတယောက်က အောင်သုခလမ်းဆိုတာ ကျနော်တို့ထိုင်နေတဲ့နေရာရဲ့ ဘေးကလမ်း၊ လမ်းသွယ် လေးပေါ့။ အဲဒီလမ်းသွယ်လေးနဲ့ အင်းစိန်လမ်းမကြီးကို ဆက်တာပေါ့။ အဲဒီလမ်း သွယ်ကထွက်လာပြီး အင်းစိန်လမ်းမကြီးပေါ်ရောက်တဲ့အခါ အနောက်ဘက်ကို မျက်နှာလှည့်လိုက်တယ်၊ ပေါက်တော ဝ ပေ့ါ။ ထောင်ဘူးဝဘက်ကို မျက်နှာလှည့် လိုက်ပြီး လိပ်လာတဲ့အဝတ်တခုကိုဆွဲဖြန့်လိုက်တဲ့အခါကျတော့ အဝတ်လိပ်ထဲမှာ ဘာပါလဲဆိုတော့ "အမေစုကိုကာကွယ်သင့်ပြီ" ဆိုတဲ့ စာရေးထားတယ်။ အဲဒီလူရဲ့နာမည်က ဦးဇော်ညွန့်တဲ့။"

အဲဒီဆန္ဒပြပွဲ ဝုန်းဝုန်း ဝုန်းဝုန်းဖြစ်သွားတဲ့အခါ လူနှစ်ယောက်သုံးယောက် လောက်က ကျနော်တို့အထဲတွေမှာနေတဲ့ အရပ်ဝတ်အရပ်စားနဲ့နေတဲ့ ရဲအရာရှိ တွေ ဘာတွေဖြစ်မှာပေ့ါဗျာ၊ ရဲသားတွေက ဒီလူ့ကိုဖမ်းဆွဲလိုက်တဲ့အခါ ဒီလူက ရုန်းကန်နေတယ်။ ကောင်းကောင်းမွန်မွန်ပါဘဲ လက်မောင်းကိုဖမ်းဆွဲလိုက်ပြီးတော့ သူ့လက်ထဲမှာရှိတဲ့ ဆန္ဒပြတဲ့စာရွက်ကို သိမ်းလိုက်တယ်။ သူ့ကိုဝိုင်းဆွဲကြတယ်။ ဆွဲလာပြီးတော့ ကျနော်တို့နဲ့မျက်နှာချင်းဆိုင် ဈေးအပေါ်ထပ်မှာ ရုံးခန်းရှိတယ် ပြောတယ်။ အဲဒီ အပေါ်ထပ်ကို ဆွဲတင်သွင်းတယ်လို့ ကြားတယ်။ ဒါဘဲ။"

အဲန်အဲယ်လ်ဒီပါတီအတွင်းရေးမှူး ဦးဝင်းတင် ပြောပြသွားတာဖြစ်ပါတယ်။ ကြားနာစစ်ဆေးမှုတွေကို ထောင်တွင်းအထူးတရားခွင်မှာ ဆက်တိုက်ဆို သလို လုပ်လာတဲ့နေရာမှာ ဒီတပတ်ထဲမှာတော့ စွပ်စွဲခံထားရသူတွေဖြစ်တဲ့ ဒေါ်အောင် ဆန်းစုကြည်၊ သူနဲ့အတူအဖော်အဖြစ်နေထိုင်ကြသူ ဒေါ်ခင်ခင်ဝင်း၊ သမီးဖြစ်သူ မဝင်းမမနဲ့ နောက် အိမ်ခြံဝင်းထဲကို တိတ်တဆိတ်ရေကူးဝင်ရောက်ခဲ့တယ်ဆို တဲ့ အမေရိကန်နိုင်ငံသား John William Yettaw တို့က ရုံးတော်မှာထွက်ဆိုခဲ့ တာပါ။ ဒီလို ကြားနာစစ်ဆေးတာတွေလုပ်နေတာ စွပ်စွဲခံရသူတွေဘက်က ရှေ့ နေရှေ့ရပ်တွေနဲ့ ဥပဒေကြောင်းအရ ခုခံချေပနေတာတွေရှိပေမယ့်လည်း တရားခွင် ရဲ့ဆောင်ရွက်ချက်တွေမှာ မျှမျှတတ စီရင်ဆုံးဖြတ်မယ့် အရိပ်အယောင်မျိုးတော့ မတွေ့ရဘူးလို့ ဥပဒေအကျိုးဆောင်တွေက ပြောကြပါတယ်။

အင်္ဂါနေ့တုန်းက ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တရားခွင်မှာအပြစ်မ ရှိကြောင်း ခုခံချေပတဲ့ နေရာမှာဆိုရင်လည်း သူ့နေအိမ်ခြံဝင်းထဲကို ကျူးကျော် ဝင်ရောက်ခဲ့သူနဲ့ပတ်သက်လို့ သူ့မှာတာဝန်မရှိသလို စာနာစိတ်နဲ့သာ ကူညီခဲ့ တာမို့ အပြစ်မရှိကြောင်း ပြောခဲ့တာပါ။ ဒီလို မဖိတ်ခေါ်ဘဲ ရောက်လာသူတဦးအ တွက် ထိန်းသိမ်းခံနေရသူမှာ အပြစ်မရှိသလို လုံခြုံရေးတာဝန်ယူထားသူတွေရဲ့ ပျက်ကွက်မှုအတွက်ကိုလည်း အာဏာပိုင်တွေက အရေးတယူလုပ်တာမျိုး မရှိ တာဟာ ဘက်လိုက်ရာရောက်နေတယ်ဆိုပြီးတော့လည်း ရုံးတော်ကိုစာရေးပြီး တင်ပြခဲ့တာဖြစ်ပါတယ်။

---

**စာမျက်နှာ ၆ မှ**

လွတ်လပ်စွာပြောဆိုခွင့်ကို အကာအကွယ်ပေးခြင်းတွင် အစိုးရက လုပ် ဆောင်ခွင့်မရှိသည့်အရာ(အခွင့်အရေး)များအတွက် အစိုးရထံခွင့်ပြုချက်ယူရ ခြင်းမရှိစေရန်လုပ်ဆောင်ခြင်းပါဝင်သည်။ ထို့အတူ လုပ်ဆောင်ခွင့်ရှိသည့်အရာ (အခွင့်အရေး)များအတွက် ခွင့်ပြုချက်ရယူရန်မလိုရန် လုပ်ဆောင်ခြင်းသည်လည်း လွတ်လပ်စွာပြောဆိုခွင့်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဒီမိုကရေစီထွန်းကားသောနိုင်ငံများမှ အာဏာပိုင်များသည် လူ့အဖွဲ့အ စည်းအတွင်းထုတ်ဝေရေးသားသော ပြောဆိုသောအရာများနှင့် ပတ်သက်၍ ပါ ဝင်စွက်ဖက်ခြင်းမပြုသည်က များသည်။

ဆန္ဒပြမှုဆိုသည်မှာ မည်သည့်ဒီမိုကရေစီတွင်မဆို လွတ်လပ်ခွင့်မည်မျှ ရှိသည်ကို စမ်းသပ်မှုပြုလုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းစွာစုဝေးခွင့်ဆို သည်မှာ မရှိမဖြစ်လိုအပ်သောအရာဖြစ်ပြီး၊ လွတ်လပ်စွာပြောဆို ခွင့်ထွန်းကား ရေးအတွက် တစိတ်တပိုင်းမှပါဝင်ပေသည်။

လူ့အဖွဲ့အစည်းသည် အကြောင်းကိစ္စရပ်များအပေါ် သဘောထားကွဲလွဲ သူများအကြား တက်ကြွစွာဖြင့် အကြိတ်အနယ်ဆွေးနွေးမှုများကို ခွင့်ပြုသည်၊ အားပေးသည်။

လွတ်လပ်စွာပြောဆိုခွင့်သည် အခြေခံအခွင့်အရေးဖြစ်သည်၊ သို့သော် အကြွင်းမဲ့မဟုတ်ပေ၊ အင်အားသုံးကြမ်းတမ်းမှု၊ တဘက်သတ်ပုတ်ခတ်မှု၊ ဖျက်လို ဖျက်ဆီးလုပ်မှု၊ သိက္ခာချမှု၊ လိမ်ညာမှုစသည်တို့အတွက် လွတ်လပ်စွာပြောဆို



# သတင်းတိုထွေထွေ ဖတ်စရာက

## ဒေါ်စုအတွက်မွေးနေ့လက်ဆောင်စကား

ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းဟာ ဒေါ်စုကို ထောက်ခံအားပေးတယ်ဆိုတဲ့ အမှာစာလွှာကို ဂျွန်၁၉ ရက် ဒေါ်စုမွေးနေ့မှာ ထုတ်ပြန်ဖို့လုပ်ကိုင်နေလျှက်ရှိပြီး အဲဒီမှာ ရုပ်ရှင်မင်းသား ဂျော့ချ်ကလူနီ၊ ကဲဗင်စပေစီ၊ ဂိုမ်းစ်ဘွန်းမင်းသား ဒယ်နီယဲလ်ခရိတ်ဂ်၊ ဘောလုံး သမား ဒေးဗစ်ဘက်ခ်ဟမ် စတဲ့ နာမည်ကျော်ကြားထင်ရှားတဲ့သူတွေပူးပေါင်း ပါဝင်လျှက်ရှိပြီး ဗွီဒီယို၊ အသံတွေနဲ့ အမှာစကားတွေကိုလည်း ထုတ်ပြန်ဦးမှာဖြစ်ပါတယ်။ **(LIVERPOOL DAILY POST, 27.5.2009)**

## လက်မှတ် ၆ သိန်း

နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့တောင်းဆိုတဲ့ လက်မှတ်ပေါင်း ၆ သိန်း ကို ကုလသမဂ္ဂသို့ပေးပို့လိုက်ပြီလို့ သိရပါတယ်။ မြန်မာနိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေးလှုပ်ရှားမှုကော်မတီဟာ ရက်သတ္တ ၁၀ ပတ်အတွင်း နိုင်ငံပေါင်း ၁၅၀ မှ ပုဂ္ဂိုလ်များနှင့်၊ အဖွဲ့ပေါင်း ၂၀၀ ကျော်က ထောက်ခံအားပေးလက်မှတ်ရေးထိုးခဲ့ကြပါတယ်လို့ပြောပါတယ်။ **(IRRAWADDY, 26.5.2009)**

## အိုင်လာ ဆိုင်ကလုန်း

မုတ်သုန်ရာသီစတင်ပြီဖြစ်တဲ့အတွက် ကပ္ပလီပင်လယ်နဲ့ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတွေစတင်ဖြစ်ပွားနေပြီဖြစ်ပါတယ်။ အိုင်လာလို့အမည်ပေးထားတဲ့ဆိုင်ကလုန်းဟာ မြန်မာ–ဘင်္ဂလားနယ်ခြားဒေသကို ဖြတ်သန်းတိုက်ခတ်ခဲ့တဲ့အတွက် မောင်းတောတပိုက်မှာ မိုးသည် ရေလျှံ။ တမံကျိုး စတာတွေကိုကြုံခဲ့ရပြီး နေအိမ်အချို့အပျက်အစီးရှိခဲ့တယ်လို့ သိရပါတယ်။ **(Kaladan Press ,26.5.2009)**

**တဖက်မှ**

ခွင့်မပာုတ်ပေ။

ခိုင်မာသည့်ဒီမိုကရေစီတွင် အင်အားသုံးကြမ်းတမ်းမှုများဖြစ်စေရန်၊ အခြားသူများအားထိခိုက်နစ်နာစေမည့် မမှန်မကန်ပြောဆိုမှုများ၊ အခြေခံဥပဒေအရတည်ရှိနေသည့်အစိုးရတရပ်အားဖြုတ်ချရန်၊ မဟုတ်မမှန်သောအမှုအကျင့်များကို လှုံ့ဆော်ရန် စသည့်ပြောဆိုမှုများကို တားမြစ်ရန်မျှတမှုရှိသော တရားရုံးအမိန့်များသည် ယေဘုယျအားဖြင့်လိုအပ်သည်။

ဒီမိုကရေစီနိုင်ငံအားလုံးနီးပါးတွင် လူမျိုးရေးအရ ရှန်းရင်းဆန်ခတ်မှုများဖြစ်စေရန် လှုံ့ဆော်ပြောဆိုမှုများကို တားမြစ်ထားသည်။

ဒီမိုကရေစီအတွက် စိမ်ခေါ်မှုတရပ်မှာ လွတ်လပ်စွာပြောဆိုခွင့်နှင့် စုဝေးပိုင်ခွင့်တို့ကိုကာကွယ်ရန်နှင့် အင်အားသုံးအကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှု၊ ဖျက်ဆီးမှုများကို အားပေးလှုံ့ဆော်သည့်ပြောဆိုချက်များကို တန်ပြန်ဆောင်ရွက်မှုများအကြား ထိန်းညှိဆောင်ရွက်ခြင်းဖြစ်သည်။

**ဆက်လက်ဖော်ပြမည်**

## အာဆီယံအဖွဲ့ဝင်မှ ရပ်ဆိုင်းရေး

စစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးဖို့ အာဆီယံရဲ့တောင်းဆိုတာတွေကို မြန်မာဗိုလ်ချုပ်ကြီးတွေက လက်မခံခဲ့တာဟာ အာဆီယံကို အလေးမထားတာဖြစ်လို့ အဖွဲ့ဝင်အဖြစ်ကနေ ရပ်ဆိုင်းသင့်တယ်လို့ စင်္ကာပူလွှတ်တော်အမတ်တွေဖြစ်တဲ့ ချားလ်စ်ချောင်နဲ့ အဲန်ဒါဂျစ်ဆင်းတို့က ပြောဆိုလိုက်ပါတယ်။ ဒီအတောအတွင်း အာဆီယံနိုင်ငံတွေက အမတ် ၁၀၀ ကျော်ဟာ ဒေါ်စုလွှတ်မြောက်ရေးလှုပ်ရှားမှုမှာပါဝင်လာခဲ့ပြီဖြစ် ပါတယ်။ **(IRRAWADDY, 29.5.2009)**

## သေချာပေါက်နိုင်မယ်တဲ့

နအဖစစ်ဗိုလ်ချုပ်များက ဒေါ်အောင်ဆန်းစုကြည်အား မတရားဆက်လက် ဖမ်းဆီးချုပ်နှောင်နိုင်ရေးအတွက် အကွက်ချတရားစီရင်ရေးလုပ်ဆောင်လျှက်ရှိနေချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ဘက်မှ သက်သေများကို တရားရုံးတွင်ထွက်ဆိုနိုင်ရေးအတွက် ကြိုးပမ်းခဲ့သော်လည်း တယောက်သာခွင့်ပြုပြီး ကျန်သောသူများကို ပယ်ချခဲ့ပါတယ်။ ဒါပေမယ့် ဒေါ်စုရဲ့ရှေ့နေတဦးဖြစ်တဲ့ ဦးဉာဏ်ဝင်းက ဥပဒေလမ်းကြောင်းအတိုင်းသာလုပ်ရင် သေချာပေါက်နိုင်မယ်လို့ဆိုပါတယ်။ **(AP, 28.5.2009)**

## ကုလကိုလည်းအရေးမစိုက်

ကုသမဂ္ဂလုံခြုံရေးကောင်စီက ဒေါ်အောင်ဆန်းစုကြည်အား စစ်အာဏာပိုင်များက တရားစွဲဆိုရုံးတင်ခဲ့တာနဲ့ပတ်သက်ပြီးထုတ်ပြန်ခဲ့တဲ့ကြေညာချက်တစောင်ထဲမှာ ဒေါ်စုနဲ့တွေ့ဆုံဆွေးနွေးမှုပြုနိုင်ဖို့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အခြေအနေတွေဖန်တီးဖို့ကို တိုက်တွန်းထားပါတယ်၊ ဒါပေမယ့် နအဖကတော့ အခြေခံဥပဒေရှိထားပြီးပြီ၊ ၂၀၁၀ ရွေးကောက်ပွဲကျင်းပ ဖို့စီစဉ်ထားပြီးပြီလို့ သတင်းစာမှာရေးသားလိုက်တဲ့အတွက် မည်သူ့ကိုမှအရေးမစိုက်ဘူး၊ သူတို့လမ်းစဉ်ကို မပြောင်းနိုင်ဘူးလို့ ပြောလိုက်ခြင်းပါပဲ။ **(MIAAIMA, 28.5.2009)**

## အာဆီယံအဖွဲ့ဝင်မှ ရပ်ဆိုင်းရေး

စစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးဖို့ အာဆီယံရဲ့တောင်းဆိုတာတွေကို မြန်မာဗိုလ်ချုပ်ကြီးတွေက လက်မခံခဲ့တာဟာ အာဆီယံကို အလေးမထားတာဖြစ်လို့ အဖွဲ့ဝင်အဖြစ်ကနေ ရပ်ဆိုင်းသင့် တယ်လို့ စင်္ကာပူလွှတ်တော်အမတ်တွေဖြစ်တဲ့ ချားလ်စ်ချောင်နဲ့ အဲန်ဒါဂျစ် ဆင်းတို့က ပြောဆိုလိုက်ပါတယ်။ ဒီအတောအတွင်း အာဆီယံနိုင်ငံတွေက အမတ် ၁၀၀ ကျော်ဟာ ဒေါ်စုလွှတ်မြောက်ရေးလှုပ်ရှားမှုမှာပါဝင်လာခဲ့ပြီဖြစ် ပါတယ်။ **(IRRAWADDY, 29.5.2009)**

## ရိုဟင်ဂျာပြဿနာကိုယ်တိုင်အရင်ရှင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးက ရိုဟင်ဂျာလူမျိုးများ မိမိတို့နိုင်ငံတွင်းသို့ဝင်ရောက်လာနေခြင်းမှာ ၄င်းတို့အပေါ်ထားရှိကျင့်သုံးနေသော မြန်မာပြည်၏ ပေါ်လစီဖြစ်သောကြောင့် ထိုပြဿနာကို ဖြေရှင်းရမည်ဟုဆိုလိုက်သည်။ သူက ရိုဟင်ဂျာဒုက္ခသည်ပြဿနာဟာ နိုင်ငံအတော်များများကို ထိခိုက်လာနေခဲ့တယ်လို့ ဆိုပါတယ်။ **(EUTERS, 29.5.2009)**

# ဗိုလ်ချုပ်သန်းရွှေ ငယ်ထိပ် မြွေပေါက်ခံရ

**ရဲဘော် ဖိုးသံချောင်း**

**ခေတ်ပြိုင်ဂျာနယ်မှ ကူးယူဖော်ပြပါသည်။**

နအဖ အဘို့ ဒေါ်အောင်ဆန်းစုကြည်ကို ဒီလိုဖမ်းဆီးရုံးတင်ဘို့ အခွင့်အရေးရသွားတာ၊ ဒါမှမဟုတ် သူတို့ရဲ့လုပ်ကြံမှု အောင်မြင်သွားတာဟာ နအဖအဘို့ နိုင်ငံရေးအရလက်ဦးမှုရသွားတယ်လို့ ယူဆစရာရှိပါတယ်။ ဒါပေမယ့် လက်တွေ့ဆက်ဖြစ်လာတာတွေနဲ့ ဖြစ်လာနိုင်တာတွေကို ပြန်တွေးလိုက်တော့ ဒါဟာ နအဖ အဘို့ကံကောင်းတာလား၊ ကံဆိုးတာလား စဉ်းစားစရာဖြစ်နေ ပါတယ်။

စစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လူထုနဲ့အဆက်ဖြတ်ရေးဟာ သူ့တသက် ကိုယ့်တသက် လုပ်ရမယ့်ကိစ္စလို့ သတ်မှတ်ထားကြဟန်တူပါတယ်။ ဒါကြောင့် အိမ်ချုပ်သက်တမ်းစေ့တဲ့အခါမှာ အခု ဒီဖောက်ထွင်းမှုမှာ အိမ်ရှင်ကိုစွဲချက်တင်၊ ထောင်ချဘို့လုပ်ကြံတော့တာဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ တွက်ထားတာတွေထဲမှာ မပါတာတွေဆက်တိုက်ဖြစ်လာနေလို့ ဗိုလ်သန်းရွှေတယောက် ထိုင်နေအကောင်းသားလို့ ဆိုရမလိုဖြစ်နေပါပြီ။

အိမ်ဖြူတော်မှာ အိုဘားမားတက်လာတဲ့နောက် နအဖအစိုးရဟာ သူတို့ဖောက်ချင်နေတဲ့ရွှေလမ်း ငွေလမ်းတော့ဖြင့် ပေါက်တော့မယ်လို့ မျှော်လင့်ထားခဲ့ပါတယ်။ ဒါပေမယ့် အခုတော့ ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်တဲ့ ဒီကိစ္စတခုတည်းနဲ့ဘဲ စစ်ဗိုလ်ချုပ်တွေဟာ"ဆုချတာခံရမလားထင်လို့ ဝင်သွားတာ ထိပ်ချတာခံလိုက်ရတယ်။"ဆိုတာမျိုးဖြစ်သွားပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း နအဖကို ကလေးပေါက်သလို အပြစ်တင်တာခံလိုက်ရပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီကတောင် ဒီကိစ္စအတွက် စိတ်ပူတဲ့အကြောင်း ထုတ်ပြန်ခဲ့ပါတယ်။ ဒ့ါအပြင် ဗမာနိုင်ငံရဲ့ကိစ္စကိုပြောခဲလှတဲ့ တရုတ်တို့ အာဆီယံတို့ကတောင် 'ပညာပေး' တာခံနေရပါပြီ။ နောက်ပြီး ဂျပန်လိုနိုင်ငံကိုရှင်းပြရ၊ ထိုင်းနဲ့ကတောက်ကဆဖြစ်ရ၊ ဒ့ါအပြင် အီးယူကဘာများပြောဦးမလဲ၊ တခြားနိုင်ငံတွေက ဘာတွေပြောဦးမလဲဆိုပြီး ထမင်းလုံးတစ္ဆေခြောက်တာ ညတိုင်းခံနေရပါတယ်။ သေချာတာကတော့ သံခင်းတမန်ခင်းအရ နိုင်ငံတကာဆက်ဆံရေးအရ နအဖအဘို့ အကြီးအကျယ်နစ်နာရတဲ့ ဘယ်သူမပြု မိမိမှုဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကိုရုံးတင်လိုက်တာဟာ နအဖဗိုလ်ချုပ်တွေအတွက် ဝမ်းသာစရာလား၊ စိတ်ညစ်စရာလားဆိုတာကိုသိချင်ရင် ရန်ကုန်နဲ့တခြားမြို့ကြီးတွေမှာ လုံခြုံရေးတွေအပြည့်ယူနေရတာကိုကြည့်ရင် သိနိုင်ပါတယ်။ ပဒုအုံကို တုတ်နဲ့ထိုးမိသလို ဖြစ်ဘို့များနေပါပြီ။ တကယ်လို့သာ ဒီကိစ္စကြောင့် လူထုအုံကြွလာတယ်ဆိုရင် ဘယ်သူကသွေးထိုးပေးလို့၊ ပြည်ပကမြှောက်ပေးလို့၊ စသဖြင့်ပြောလို့မရတာ သေချာနေပါပြီ။ ဗမာပြည်မှာဖြစ်ခဲ့တဲ့ အရေးကိစ္စတွေမှန်သမျှဟာ အုပ်စိုးသူများဘက်က မတော်မတရားလုပ်တဲ့အတွက် ပေါ်ထွက်လာတာတွေချည်းဖြစ်ပါတယ်။ ဒါဟာတရားပါ။ စားဝတ်နေရေးနဲ့လုံးချာလိုက်နေတဲ့ ပြည်သူလူထုဟာ အလကားနေရင်းလမ်းပေါ်ထွက်ပြီး ကိုယ့်ဒုက္ခကိုယ်မရှာပါဘူး။ သံဃာတော်များ လည်းအလားတူပါဘဲ။

ဒီလို တိုင်းပြည်အတွက်အရေးပါတဲ့ အမှုကြီးတခု နိုင်ငံတကာကလည်း အာရုံစိုက်မယ့်အမှုမျိုးကို ဖန်တီးလိုက်ရတာဟာ တကယ်တော့ နအဖအတွက်ပြောရင်လည်း မရဲပဲ ကျွဲပြဲစီးရတာပါ။ ဒါကြောင့်မို့ သံတမန်လောကကို ဟန်ပြအနေနဲ့တရက်တည်းသာ တရားရုံးတက်ခွင့်ပြုခဲ့ပေမယ့် ကျန်တာအားလုံးကို ထောင်ထဲမှာ တံခါးပိတ်စစ်ဆေးနေပါတယ်။ ဒါဟာ သူတို့ဘက်က ကျိုးကြောင်းမခိုင်လုံကြောင်း မရိုးသားနိုင်ကြောင်း ဝန်ခံတာတမျိုးလို့ယူဆရင်ရပါတယ်။

အခုတော့ အမှုကိုလူအများရှေ့မှောက်မှာ စစ်ဆေးရေးဆိုတဲ့တောင်းဆိုချက်ဟာ ကျယ်လောင်သထက်ကျယ်လောင်လာနေပါပြီ။ အစိုးရပြတဲ့သက်သေတွေကို စစ်ဆေးပြီးခဲ့သလောက်အရဆိုရင် ဥပဒေအရ နအဖ မှချရှုံးမှာပါ။ သူတို့ဘက်က သက်သေတွေရဲ့အစစ်ခံချက်တွေဟာ သူတို့အတွက်အထောက်အကူလုံးဝမပြုပါဘူး။ တကယ်ဆိုရင် တရားခံပြသက်သေတွေကိုတောင် စစ်နေဘို့မလိုလောက်အောင်ဖြစ်ပါတယ်။ ဒါပေမယ့် နအဖဟာ သိုးကို မဖြစ်ဖြစ်အောင်စားချင်တဲ့ ဝံပုလွေလိုဘဲ 'နင်မဟုတ် နင့်အဖေ'လို့ပြောပြီး အပြစ်ပေးဘို့ လုံးပန်းမှာပါဘဲ။ ဒါမျိုးကို ထောင်ထဲမှာ တံခါးပိတ် စစ်ဆေးတဲ့ ရုံးမျိုးမှာလုပ်ရတာ ပိုလွယ်ကူပါတယ်။

ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို အများပြည်သူတက်ရောက်နားထောင်နိုင်တဲ့ တရားရုံးမှာစစ်ဆေးရေးဟာ တရားမျှတမှုအတွက် အင်မတန်မှအရေးကြီးပါတယ်။ ဒါကြောင့် တရားခွင်ကိုလူထုမျက်မှောက်ရောက်အောင်တောင်းဆိုကြရပါမယ်။ ဒါဟာ တရားမျှတ ကျိုးကြောင်းဆီလျော်တဲ့အပြင် လူတိုင်းသဘောတူနိုင်တဲ့ တောင်းဆိုချက်ဖြစ်တဲ့အတွက် လတ်တလောလှုပ်ရှားမှုမှာ ထိပ်တန်းတင်ရမယ့်တောင်းဆိုချက် ကြွေးကြော်သံဖြစ်ပါတယ်။

ဒီတခါ ဒေါ်အောင်ဆန်းစုကြည်ကိုရုံးတင်တဲ့ကိစ္စဟာ ၂၀၁၀ ရွေးကောက်ပွဲကိုဝင်ဘို့ ပြင်နေတဲ့လူတွေအတွက်တော့ အတော်လေးအကျပ်ရိုက်သွားမှာဖြစ်ပါတယ်။ နအဖလုပ်လိုက်တာက သူတို့ကို ယမ်းချေးပန်းတယ်လို့ ပြောနိုင်ပါတယ်။ တကယ်လို့သာသူတို့အနေနဲ့ ဒီကိစ္စနဲ့ပတ်သက်တဲ့သဘောထားပေးဘို့ မေးမြန်းတောင်းဆိုလာရင် သူတို့ဟာ အတတ်နိုင်ဆုံး ခေါင်းရှောင်ချင်ကြမှာပါ။ နအဖအလိုကိုလိုက်ပြောရင် မဲရမှာကိုထိခိုက်မယ်၊ နအဖကိုဆန့်ကျင်ရင် ရွေးကောက်ပွဲဝင်ခွင့်တောင်မှ ရချင်မှရမယ်။ ဒါကြောင့် ဒီကိစ္စမှာတတိယအင်အားဆိုသူ တော်တော်များများကပြောဘို့ ခေါင်းရှောင်နေကြပါတယ်။ ဒါဟာ ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်း ဒီမိုကရေစီအတွက် လေ့ကျင့်နေတာလည်းဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

သူတို့နဲ့ပြောင်းပြန် ပြည်သူလူထုကတော့ ဒီကိစ္စနဲ့ပတ်သက်တဲ့ ကိုယ့်ခံစားချက်၊ ကိုယ့်အမြင်တွေကို ရဲရဲတင်းတင်းဘဲဒေါသနဲ့ပြောနေကြပါတယ်။ သည်းမခံနိုင်တော့ဘူးဆိုတဲ့ အဓိပ္ပါယ်တွေဖော်ပြနေကြပါတယ်။ ဒီလိုအခြေအနေမှာ အချိန်မရွေး ပေါက်ကွဲထွက်နိုင်တယ်ဆိုတာကို ဗမာပြည်အရေးနားလည်သူတိုင်းတွေးမိကြမှာပါ။ ဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကို အမှုဆင်ပြီးတင်တာ ဟုတ်မဟုတ်ဆိုတဲ့ မေးခွန်းမျိုးကို ဘယ်သူကမှအချိန်ကုန်ခံ ဆွေးနွေးမနေကြတော့ပါဘူး။ ဘာကို ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာကိုဘဲ ဆွေးနွေးကြမှာပါ။

ပြည်တွင်း ပြည်ပ သံဃာ ကျောင်းသား အလုပ်သမား လယ်သမား မြို့နေဆင်းရဲသား စားရေးစာချိဝန်ထမ်း ပညာရှင် ကုန်သည်ပွဲစား စစ်ဗိုလ်စစ်သားအိမ်ရှင်မ မပြောဘဲဘယ်သူမှမနေပါဘူး။ ဒီအခြေအနေကို နအဖအစိုးရလည်းမသိတာမဟုတ်ပါဘူး။ ဒါပေမယ့် သူတို့အတွက် အနည်းဆုံးရွေးကောက်ပွဲ ပြင်ဆင်တဲ့ကာလနဲ့ ကျင်းပတဲ့ကာလမှာ ဒေါ်အောင်ဆန်းစုကြည်ကို လူထုထဲမှာမလှုပ်ရှားနိုင်အောင်လုပ်ထားဘို့က ပိုအရေးကြီးနေပါတယ်။

ဒါကြောင့်မို့ သူတို့ဘက်ကကြည့်ရင်လည်း သေမြေကြီး ရှင်ရွှေထီး လုပ်လိုက်ရတာပါ။ သူတို့က အမှုကို အမြန်ပြီးပြတ်အောင် တက်သုတ်ရိုက်စစ်နေတာ၊ ကမျောသုံးပါးစွဲချက်တင်တာတို့ကိုထောက်ကြည့်ရင် နအဖ စစ်ဗိုလ်တွေဘယ်လောက်ချောက်ချားနေတယ်ဆိုတာ အတိုင်းသားတွေ့မြင်နိုင်ကြောင်း တင်ပြလိုက်ပါတယ်။

---

## ပြက္ခဒိန်မှ

အာဘော် မှ အကြံပြုဝေဖန်၏။

**မေ ၃၀၊ Nation။။** ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ရန် ထိုင်းနိုင်ငံခြားရေးဝန်ကြီး Kasit Piromya မှဆို၏၏၊ ကုလသမဂ္ဂ၊ အမေရိကန်၊ အီးယူ၊ အာဆီယံ၊ အာရှနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများမှ တသံထဲတညီထဲ ရှားပါးတောင်းဆိုမှုကို နအဖမှ အမြန်ဆုံးလက်ခံသင့်ကြောင်း ဖြင့်ဆို၏။

# ဒေါ်စုကို လွှတ်ပေးရေး ပြည်ပရောက် မြန်မာနိုင်ငံသားများ ဆန္ဒပြတောင်းဆို

**DVB၊မေ ၂၃။** ။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အင်းစိန်ထောင်တွင်း ဖမ်းဆီးတရား ရုံးတင်ခံနေရချိန်မှာ စင်္ကာပူမှာရှိတဲ့ မြန်မာနိုင်ငံသားတွေက သူနဲ့အတူရှိနေတာကို ပြသတဲ့အနေနဲ့ ဆုတောင်းမေတ္တာပို့သ ပွဲတခုကို မနက်ဖြန် စင်္ကာပူနိုင်ငံမှာ ပြုလုပ်မယ်လို့ သိရပါတယ်။

ဒီဆုတောင်းပွဲကို စင်္ကာပူနိုင်ငံ တိုပါးရိုးဘုန်းကြီးကျောင်းမှာ ညနေ ၆ နာရီက စတင်ပြုလုပ်မှာဖြစ်ပါတယ်၊ မနက်ဖြန်ပြုလုပ်မယ့် ဆုတောင်းပွဲအစီအစဉ်နဲ့ ပတ်သက်ပြီး ဦးဆောင်လုပ်ကိုင်သူတဦးဖြစ်တဲ့ မြန်မာ့ဒီမိုကရေစီအရေးကို အစဉ်တစိုက်လုပ်ဆောင်နေတဲ့ ဦးဝဏ္ဏက ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက မတရားအမှုဆင်ပြီး အင်းစိန်ထောင်မှာ တရားစွဲနေတာကို ကျနော်တို့ ပြည်သူပြည်သားများ လက်မခံဘူးဆိုတာပြသဖို့ရယ်၊ ကျနော်တို့အတွက် အမြဲအနစ်နာခံတဲ့ ဒေါ်စုကို ကျနော်တို့ကလည်း တန်ဖိုးထားချစ်မြတ်နိုးတယ်ဆိုတာပြဖို့၊ ဒေါ်အောင်ဆန်းစုကြည်ဘက်မှာ စင်္ကာပူမှာ ရောက်နေတဲ့ဗမာများ တသားတည်း ရပ်တည်နေတယ်ဆိုတာပြဖို့၊ ဒေါ်အောင်ဆန်းစုကြည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး အမြန်ဆုံးလွှတ်မြောက်စေဖို့ ဆုတောင်းမေတ္တာပို့သချင်လို့ ကျနော်တို့လုပ်တာဖြစ်ပါတယ်။"

"ညနေ ၆ နာရီမှာ တိုပါးရိုးဘုန်းကြီးကျောင်းရဲ့ အပေါ်ဆုံးထပ်မှာ ဘုရားရှိခိုး သီလယူပြီးရင် မေတ္တာသုတ်ရွတ်မယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ရည်စူးပြီး မေတ္တာကမ္မဋ္ဌာန်း စည်းဖြန်းမယ်။ ဆရာတော် သံဃာတော်များဆီကနေ တရားဓမ္မနာကြားမယ်။ ပြီးရင် ကြွရောက်လာတဲ့ ဧည့်ပရိသတ်ကို ရွှေရင်အေးနဲ့ဧည့်ခံမယ်။"

"ကျနော်တို့နဲ့ပူးပေါင်းပြီးတော့ ဝတ်ပြုဆုတောင်းမေတ္တာပို့တဲ့ပွဲကို တက်ရောက်ပါဝင်ပူးပေါင်းကြဖို့ တိုက်တွန်းလိုပါတယ်၊ ဘုန်းကြီးကျောင်းကလည်း ကြည်ဖြူစွာ ခွင့်ပြုပါတယ်။ စင်ကာပူအာဏာပိုင်များနဲ့လည်း နားလည်မှု ယူထားပြီးဖြစ်ပါတယ်။ ကိုယ့်ရဲ့ဆန္ဒကို ထုတ်ဖော်လိုတဲ့၊ ဒေါ်အောင်ဆန်းစုကြည်ကို ချစ်တယ်ဆိုတာကို ပြချင်တဲ့ မြန်မာတိုင်းကို ကျနော်တို့နဲ့ လာရောက်ပူးပေါင်းပြီး မေတ္တာပို့ဆုတောင်းကြဖို့ကို လေးစားစွာနဲ့ ဖိတ်ကြားလိုက်ပါတယ်။"

ဂျာမဏီနိုင်ငံ မြို့တော်ဘာလင်မှာရှိတဲ့ မြန်မာဒီမိုကရေစီအင်အားစုတွေကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီး ရုံးတင်နေမှုအပေါ် ကန့်ကွက်ဆန္ဒပြတဲ့ လှုပ်ရှားမှုတွေကို မေ ၂၂ ရက်ကနေ မေ ၃၁ ရက်နေ့အထိ လုပ်ဆောင်ကြမယ်လို့သိရပါတယ်။ မနေ့က ဒုတိယနေ့မြောက်လှုပ်ရှားမှုကို ဂျာမဏီနိုင်ငံရဲ့ အနှစ် ၆၀ ပြည့် အခြေခံဥပဒေနေ့ ပွဲတော်နဲ့ တိုက်ဆိုင်ပြီး လူအများစည်ကားတဲ့ ဘာလင်မြို့တော်မှာ လှုပ်ရှားခဲ့တယ်လို့ ဦးဆောင်သူတဦးဖြစ်တဲ့ ဦးဆိုနီအောင်သန်းဦးက ပြောပါတယ်။

"၂၂ ရက်နေ့ မနက်ပိုင်း သံရုံးရှေ့မှာ ကန့်ကွက်ဆန္ဒပြတယ်။ ဒီနေ့က အနှစ် ၆၀ မြောက် ဂျာမဏီနိုင်ငံရဲ့ အခြေခံဥပဒေနေ့။ သူတို့ပွဲတော်ဆိုတော့ ဧည့်သည်တွေ၊ သံသမန်တွေလည်း အများကြီးလာတယ်၊ နေ့ခင်းပိုင်း အဲ့ဒီနေရာမှာ လက်ကမ်း ပြည်တွင်းမှာ ဒေါ်စုကို မတရားအမှုဆင်ပြီး ထောင်ထဲသွင်းတဲ့ကိစ္စတွေ၊ မတရားလုပ်တဲ့ကိစ္စကို လူတွေသိအောင် သတင်းပေးတဲ့ပုံစံမျိုး ကျနော်တို့ လုပ်တယ်။ ဒီမှာရှိတဲ့လူတွေကိုလည်း ဒေါ်စုလွှတ်မြောက်ရေးအတွက် ဝိုင်းဝန်းလက်မှတ်ထိုးပြီး ကုလသမဂ္ဂက မစ္စတာဘန်ကီမွန်းတို့ဆီကို စာရေးကြဖို့၊ ဂျာမန်နိုင်ငံသားဆိုလည်း ဂျာမန်အစိုးရကို ဝိုင်းဝန်းပြီးတော့ တောင်းဆိုပေးကြဖို့ အဲ့လိုမျိုး လှုံ့ဆော်တဲ့လုပ်ငန်းတွေ ကျနော်တို့လုပ်နေပါတယ်။"

မေ ၃၁ ရက်နေ့အထိ လုပ်ဆောင်သွားမယ့် နေ့စဉ်အစီအစဉ်တွေနဲ့အခု ဂျာမဏီလှုပ်ရှားမှုကို ဥရောပရောက် မြန်မာနိုင်ငံသားတွေနဲ့ပူးပေါင်းလုပ်ဆောင်နေတယ်လို့လည်း ဦးဆိုနီအောင်သန်းဦးက ပြောပါတယ်။

"လုပ်မှာက နေ့စဉ်မနက် ၁၀ နာရီကနေ ညနေ ၆ နာရီ အထိကို ၃၁ ရက်နေ့အထိ လျာထားပါတယ်။ ရက်ရှည်လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ ဒေါ်စုရဲ့တရားရေးဆုံးဖြတ်ချက် မပြီးမချင်း၊ အဖြေတခု ထွက်တယ်၊ ဒေါ်စုလွှတ်မြောက်တယ်ဆိုတဲ့အထိ ရည်စူးပြီးလုပ်တယ်ဆိုတော့ ရက်အကန့်အသတ်မရှိပါဘူး။ လောလောဆယ် ခွင့်ပြုမိန့်အရ ၃၁ ရက်နေ့အထိ ခွင့်ပြုချက် ရထားပြီးပါပြီ။"

"၃၀ ရက်နေ့မှာ သံရုံးရှေ့သွားပြီး လူထုဆန္ဒပြပွဲ ထပ်လုပ်ပါဦးမယ်။ နေ့ခင်း ၁ နာရီခွဲ နောက်ပိုင်းမှာ အခုလိုပဲ မြို့လယ်ခေါင်မှာ ဗမာပြည်ထဲမှာ ဒီနေ့ဘာဖြစ်ခဲ့လဲ၊ တရားရုံးမှာ ဘယ်လိုအခြေအနေရှိလဲ ဆိုတဲ့ဟာတွေ သတင်းဖြန့်တဲ့အလုပ် ကျနော်တို့ကြိုးပမ်းနေပါတယ်။ ဂျာမဏီနိုင်ငံအနေနဲ့ မြန်မာ့ရေးရာဌာန ဂျာမဏီကနေ ဦးဆောင်ပါတယ်။ ဥရောပမှာရှိတဲ့အဖွဲ့တွေ၊ တခြားနိုင်ငံမှာရှိတဲ့နိုင်ငံရေးတက်ကြွသူတွေနဲ့ သဘောတူဆုံးဖြတ်ပြီး ကျနော်တို့လုပ်တာပါ။ ဘာလင်မြို့မှာနေတဲ့ ဗမာမိသားစုတွေက ပံ့ပိုးတဲ့အတွက် ဒီမှာလာပြီးလုပ်တာပါ။"

ဂျာမဏီလှုပ်ရှားမှုကို ပိုလန်၊ ဆွီဒင်နဲ့ ဒိန်းမတ်က မြန်မာနိုင်ငံသားတွေကလဲ ဘာလင်မှာ လာရောက်ပူးပေါင်းပါဝင်ဖို့ ရှိတယ်လို့လည်း ဆိုပါတယ်။ ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှာရှိတဲ့ မြန်မာဒီမိုကရေစီရေးလှုပ်ရှားသူ အင်အားစုတွေကလည်း ဒေါ်အောင်ဆန်းစုကြည် မလွှတ်မြောက်မချင်း လန်ဒန်ရှိ မြန်မာနအဖ သံရုံးရှေ့မှာ တောင်းဆိုဆန္ဒပြပွဲတွေ နေ့စဉ်လုပ်နေတယ်လို့သိရပါတယ်။

# ဒေါ်စု တရားစွဲမှု ပြည်သူ မကျေနပ်

**DVB၊မေ ၂၃။** ။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက တရားစွဲဆိုတာနဲ့ပတ်သက်ပြီး မြန်မာပြည်သူတွေအကြား ဝေဖန်ပြောဆိုမှုတွေ ရှိနေတယ်လို့ သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်တရားစွဲဆိုခြင်းဟာ စစ်အုပ်စုရဲ့ တဘက်သတ် လုပ်ဆောင်ချက်သာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်မှာ ဘာမှအပြစ်မရှိတဲ့အတွက် ရုံးတင်စစ်ဆေးခြင်းဟာ တရားမျှတမှုမရှိဘူးလို့ ပြည်တွင်းက ပြည်သူတွေဝေဖန်ပြောဆိုနေကြတာပါ။ ပြည်သူအချင်းချင်းကြားမှာ ပြောဆိုနေတာတွေနဲ့ ပတ်သက်ပြီး ရန်ကုန်မြို့ခံတဦးက ပြောပါတယ်။

"နေရာတိုင်းမှာ လိုလို ဒေါ်အောင်ဆန်းစုကြည်ကို မတရားပုဒ်မတပ်ပြီး တရားစွဲတဲ့အပေါ်မှာ စိတ်မချမ်းမသာဖြစ်ကြတယ်။ လူကြီးတွေတင် မဟုတ်ဘူး ကျောင်းသားတွေ ကလေးငယ်တွေကအစ ဒီလိုမတရားလုပ်တာ မကျေနပ်ဘူး။ ပြည်သူအများစုက ဒီအပေါ်မှာ တော်တော်စိတ်ဝင်စားကြတယ်။"

မြန်မာနိုင်ငံ အလယ်ပိုင်းမြေလတ်ဒေသက စာချဆရာတော်တပါးကလည်း ဒီအမှုနဲ့ပတ်သက်ပြီးမိန့်ကြားပါတယ်။

"သတင်းစာမကြည့်တဲ့ ပြည်သူတွေတောင် ဒေါ်အောင်ဆန်းစုကြည် တရားစွဲခံရတဲ့ အမှုပေါ်ပေါက်လာတဲ့နောက်ပိုင်း လာကြည့်ကြတယ်၊ လက်ဖက်ရည်ဆိုင်တွေမှာ သတင်းစာလာကြည့်ကြတယ်။ တရားလိုဘက်က သက်သေထွက်ဆိုချက်တွေချည်းပဲ သတင်းစာမှာဖော်ပြတယ်။ စွပ်စွဲခံရတဲ့သူ့ဘက်က ပြန်လှန်မေးခွန်းတွေ၊ ပြန်လည်ဖြေကြားချက်တွေကို သတင်းစာတွေမှာ ဘာမှဖော်ပြမထားတော့ 'တဘက်သတ်ကြီးပါကွာ' ဆိုတဲ့ အပြောမျိုးတွေ ကျယ်ကျယ်ပြန့်ပြန့်ကြားရတယ်။"

စစ်အစိုးရသတင်းစာမှာ ဒေါ်အောင်ဆန်းစုကြည် တရားခွင်ကသတင်းဖော်ပြတဲ့ အပေါ်မှာလည်း ပြည်သူတွေစိတ်ဝင်စားကြတယ်လို့ အဲဒီ ရန်ကုန်မြို့ခံ ပြောပါတယ်။

"လွှတ်ဖို့အချိန်နီးမှန်သိလျက်နဲ့ တမင် သူတို့ဘာသာသူတို့ အကွက်ဆင်တယ်၊ လုပ်ကြံဖန်တီးတယ်ဆိုတဲ့ သဘောတရားကို လူတွေက ပြောနေကြတာပေါ့။ အခုလည်းပဲ ရုံးထုတ်စစ်ဆေးတဲ့ခါမှာ ဘယ်လိုအခြေအနေရှိလဲ၊ ဘာလဲဆိုတာ အားလုံးပဲ နားစွင့်နေကြတယ်။"

ရန်ကုန်က လူငယ်စီးပွားရေးတဦးကတော့ ဒေါ်အောင်ဆန်းစုကြည် သတင်းကို အများစုက စိတ်ဝင်စားကြသလို စိတ်မဝင်စားသူတချို့လည်း ရှိတယ်လို့ ပြောပါတယ်။

# ဒေါ်စုကိုစွဲချက်တင်သည့်အပေါ် ဒေါ်စုလွတ်ရေးကြိုးပမ်းသူများက ပြစ်တင်ဝေဖန်

**DVB၊ မေလ ၂၆။** ။ နအဖစစ်အုပ်စုက နိုဘယ်ငြိမ်းချမ်းရေးဆုရှင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်အကျဉ်းထောင်ကို ပြောင်းရွှေ့တရားစွဲတဲ့အပေါ် တရားရုံးက စွဲချက်တင်လိုက်တဲ့အပေါ် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ကြိုးပမ်းနေသူတွေနဲ့ နိုင်ငံသားတွေက ပြစ်တင်ဝေဖန်လိုက်ကြပါတယ်။

မကြာခင် လွတ်ရက်စေ့တော့မယ့် ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက တရားစွဲဆိုခဲ့တဲ့အပေါ် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး လိုလားသူတွေရဲ့ အမြင်တွေဖြစ်ပါတယ်။ ၂၀၀၃ မေ ၃၀ ရက်နေ့ညက အကြမ်းဖက် ခြိမ်းခြောက် တိုက်ခိုက်ခံရာကနေ ကံသီလို့ လွတ်မြောက်ခဲ့တဲ့ နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဖမ်းဆီးထိန်းသိမ်းခံရတာ အခုလကုန်ဆို ၆ နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ဒါပေမယ့် နအဖက သူ့ကိုထိန်းသိမ်းတာ လာမယ့်မေလ ၂၇ ရက်နေ့မှာ လေးနှစ်နဲ့ခြောက်လပဲ ရှိသေးတယ်လို့ ထုတ်ပြောလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် တရားရင်ဆိုင်ရတဲ့အပေါ် အဖွဲ့ချုပ် မိတ္ထီလာမြို့နယ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြစ်တင်ဝေဖန်ပါတယ်။

"အရှိန်အဝါကြီးမားတဲ့ လူထုခေါင်းဆောင်တယောက်ကို မတော်မတရား ပက်ပက်စက်စက် နိမ့်ကျတဲ့လုပ်ငန်းတွေ လုပ်တာဟာလည်း လုပ်သူမှာလည်း နိမ့်ကျတဲ့သဘောပြတယ်၊ ဒါ အဖြေမဟုတ်ပါဘူး၊ ဒေါ်အောင်ဆန်းစုကြည်ကို အမိန့်မချရသေးဘူး၊ ပြုပြင်လို့ရသေးတယ်။ သံတမန်တွေခေါ်ပြီးတော့ ပြတာတွေ၊ ဟန်ပြလုပ်တာတွေက အဖြေမဟုတ်ဘူး။ အဖြေရောက်သင့်တဲ့ လမ်းကြောင်းမလုပ်ခဲ့လို့ရှိရင် အားလုံးဒုက္ခနွံထဲကိုနစ်မယ်။ ပြည်သူလူထုလည်း နစ်မယ်၊ အစိုးရလည်းနစ်မယ်ဆိုတာ ကျမပြောချင်တယ်။"

၂၀၀၃ ဒီပဲယင်း လုပ်ကြံအကြမ်းဖက်မှုမှာ တိုက်ခိုက်ခံရစဉ် ကနဦးပိုင်းက ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းတာ လုံခြုံရေးအတွက်ပါလို့ အစိုးရက အကြောင်းပြပေမယ့် နောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံတော်အတွက် အန္တရာယ်ဖြစ်စေတယ်ဆိုပြီး တားဆီးမိန့်နဲ့ နေအိမ်အကျယ်ချုပ်ချရာမှာ နေအိမ်အကျယ်ချုပ် ၅ နှစ်ပြည့်ပေမယ့် မလွှတ်ဘဲ ဆက်ချုပ်ထားပါတယ်။ ဒါ့ကြောင့် ကုလသမဂ္ဂတရားမဲ့ ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့က မြန်မာအစိုးရဟာ ကိုယ်ပြည်တွင်း ဥပဒေရော၊ နိုင်ငံတကာဥပဒေပါ ချိုးဖောက်တယ်လို့ သုံးသပ်ခဲ့ပါသေးတယ်။ ဒေါ်အောင်ဆန်းစုကြည် တရားရင်ဆိုင်မှုကို အင်းစိန်ထောင်သွားရောက်တဲ့ ပဲခူးမြို့က အဖွဲ့ချုပ်ဝင် ဒေါ်ခင်ညွန့်မူက ပြောပါတယ်။

"ခုတခါ ထပ်ဆင့်မတရားချုပ်နှောင်ဖို့ ကြိုးစားခြင်းက အင်မတန်မှ ပက်စက်တဲ့ မတရားမှုကြီးလည်းဖြစ်တယ်။ ပြည်သူများကလည်း ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာ့နိုင်ငံရေးမှာ ပါဝင်စေချင်တယ်။ နအဖကလည်း ဖယ်ရှားပစ်ချင်တယ်။ ဒါဟာ ပြည်သူ့ဆန္ဒကို ဖယ်ရှားပစ်ချင်တာပဲ။ ဒေါ်အောင်ဆန်းစုကြည်အတွက် မြန်မာပြည်သူများသာမက ကမ္ဘာ့နိုင်ငံအသီးသီးကပါ မခံမရပ်နိုင်ဖြစ်နေကြတာ။ ကျမတို့ခေါင်းဆောင်ရဲ့ တန်ဖိုးကြီးမားမှုတွေ၊ တန်ဖိုးကြီးမားတဲ့ ခေါင်းဆောင်ကို ဖယ်ရှားခြင်းဟာ ပြည်သူ့အကျိုးကို ဖယ်ရှားခြင်းပါပဲ။"

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးခွန်ထွန်းဦး၊ ကိုမင်းကိုနိုင်နဲ့ ဘုန်းကြီးတွေ၊ သီလရှင်တွေအပါအဝင် ယုံကြည်ချက်ကြောင့် ဖမ်းဆီးထောင်ချထားသူအားလုံး လွတ်မြောက်ရေးအတွက် အင်္ဂါဝတ်ပြုဆုတောင်းအဖွဲ့တွေက ဝတ်ပြုဆုတောင်းပွဲတွေ၊ ဆွမ်းဆက်ကပ် လှူဒါန်းပွဲတွေကို ဒီနေ့မှာလည်း ပြုလုပ်ခဲ့ကြပါတယ်။

# မော်လမြိုင်မြို့ ဗုံး ၂ လုံး ပေါက်ကွဲ

**DVB၊ မေ ၂၇။** ။ ဒီနေ့ မနက် ၁၀ နာရီလောက်က မွန်ပြည်နယ် မော်လမြိုင်မြို့မှာ ဗုံးပေါက်ကွဲမှု ၂ ခု ဆက်တိုက် ဖြစ်ပွားခဲ့ပါတယ်။

မော်လမြိုင်မြို့ သစ်တောရုံးအနီး စီးပွားရေးဘဏ်အရှေ့မြောင်းအတွင်း ဗုံး ၂ လုံး ဆက်တိုက် ပေါက်ကွဲခဲ့ပေမယ့် ထိခိုက်ဒဏ်ရာရတာတော့ မရှိဘူးလို့ မော်လမြိုင်မြို့ခံတွေက ပြောပါတယ်။ ပေါက်ကွဲမှုဖြစ်တဲ့ စီးပွားရေးဘဏ်အနီးမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးရုံး ရှိတယ်လို့လည်း ဆိုပါတယ်။ ပေါက်ကွဲမှုဖြစ်ဖြစ်ချင်း မြို့နယ်ရဲတပ်ဖွဲ့ဝင်တွေနဲ့ အာဏာပိုင်တွေ ရောက်ရှိလာတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

"သစ်တောရုံးဘေးနဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးနားမှာ တလုံးစီကွဲတာ။ မတိမ်းမယိမ်းပဲ။ လူတွေက တမြို့လုံးရှုပ်နေတာ။ အဲ့ဒီနေရာမှာ သွားကြည့်ကြတဲ့လူနဲ့ ဘာနဲ့။"ဒီပေါက်ကွဲမှုဖြစ်စဉ်ကို အသေးစိတ် စုံစမ်းနေဆဲဖြစ်ကြောင်း ထိခိုက်ဒဏ်ရာရသူမရှိကြောင်း မော်လမြိုင်မြို့နယ် ရဲစခန်းက ပြောပါတယ်။

"ထိခိုက်ဒဏ်ရာရမှု လောလောဆယ် တယောက်မှ မတွေ့သေးပါဘူး။ စီးပွားရေးဘဏ်ရှေ့က မြောင်းထဲမှာ တလုံးကွဲပါတယ်။ နောက် သစ်တောရုံးရှေ့က လမ်းလယ်ကျွန်းမှာ တလုံးကွဲပါတယ်။ ၁၀ နာရီလောက်ကပါ။ တိတိကျကျ မသိရသေးဘူး။ ခုမှ သွားပြီး အဲ့ဒါကို စုံစမ်းနေကြတုန်းပဲ ရှိပါသေးတယ်။"

နအဖစစ်အုပ်စု ဗုံးပေါက်ကွဲမှုဖြစ်တိုင်း ပြည်ပအတိုက်အခံ အဖွဲ့အစည်းတွေကို စွပ်စွဲလေ့ရှိပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့တုန်းကလဲ နေပြည်တော် ပျဉ်းမနားဘူတာရုံမှာရပ်ထားတဲ့ ရထားတွဲပေါ်က အိမ်သာအမိုးပေါ်မှာ မပေါက်ကွဲသေးတဲ့ ချိန်ကိုက်မိုင်းတလုံးတွေ့ရှိခဲ့ပြီး ပြည်ပအခြေစိုက် ဒီမိုကရက်တစ်အင်အားစု အက်ဖ်ဒီဘီရဲ့ လက်ချက်ဖြစ်တယ်လို့ စွပ်စွဲခဲ့ပါသေးတယ်။

# လူငယ်များ အဝါရောင်လှုပ်ရှားမှုပြုလုပ်

**DVB၊ မေ ၂၆။** ။ အဝါရောင် အင်္ကျီဆင်တူ ဝတ်ဆင်တဲ့လှုပ်ရှားမှုတခု ကျောင်းသားလူငယ်တချို့ ဒီနေ့မှာ ပြုလုပ်ကြပါတယ်။

ဒီကနေ့ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မွေးရက် အင်္ဂါနေ့ဖြစ်သလို ဒီအဝါရောင်ဟာလည်း ဒေါ်အောင်ဆန်းစုကြည် ဝတ်ဆင်နေကျအရောင်ဖြစ်တယ်ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါဝင်ပြီး ရွှေဝါရောင်တော်လှန်ရေးအထိမ်းအမှတ်အနေနဲ့ပါ ဝတ်ဆင်ကြတာဖြစ်တယ်လို့ ကျောင်းသားလူငယ်တဦးက ပြောပါတယ်။

"ဒီမနက် ကျနော်တို့ အဝါရောင် ကမ့်ပိန်း တခုလုပ်ဖို့ စီစဉ်ထားတယ်။ အခု အဲ့ဒီနားမှာစပြီး ဝတ်တဲ့သူတွေဝတ်ပြီးတော့ သွားနေကြတဲ့သူတွေရှိတယ်။ အခု ရန်ကုန်မြို့ထဲမှာလည်း တွေ့နေတယ်၊ ဒီကမ့်ပိန်းကို လူငယ်တော်တော်များများလက်ဆင့်ကမ်းပြီးတော့ သွားကြတယ်၊ တချို့ပိုက်ဆံတတ်နိုင်တဲ့သူကလည်း အင်္ကျီတွေ ၁၀ ထည် ၁၅ ထည်ဝယ်ပေးတယ်၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ်စိုက်ဝယ်ပြီး သူငယ်ချင်းတွေကို ပြန်ဝေပြီး ဝတ်ခိုင်းတာပေ့ါ၊ စိတ်ပါလက်ပါ ဝတ်ကြပါတယ်။ လှည်းတန်းမှာ ၁၄ ယောက် ၁၅ ယောက်လောက်တော့ တွေ့တယ်။ ဟိုတစု ဒီတစုနဲ့သွားနေကြတယ်။ ကျောင်းသားတွေရော လူကြီးရောပါတယ်။ အများသောအားဖြင့်တော့ ကျောင်းသားတွေ။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှု စစ်ဆေးနေတဲ့ အင်းစိန်ထောင်အနီးမှာ အဝါရောင်ဝတ်ထားတဲ့ ကျောင်းသားလူငယ်တချို့ရှိပေမယ့် အတော်လေး နည်းနေသေးတယ်လို့ ကိုယ်တိုင်အင်္ကျီအဝါဝတ်ဆင်ထားတဲ့ ကျောင်းသူတဦးက ပြောပါတယ်။

"အဝါရောင်ဝတ်တဲ့လူကတော့ နည်းနေသေးတယ်။ တယောက်စ နှစ်ယောက်စပဲရှိနေသေးတယ်။ တချို့လူငယ်တွေ သူ့ဟာသူ ဝတ်နေကြတာတွေ တော့တွေ့တယ်။ တက္ကသိုလ်ကျောင်းတို့ ဘာတို့မှာ အုပ်စုလိုက်ဝတ်တာတွေ တော့ ရှိတယ်။"

ဒါ့အပြင် ဒီနေ့မှာပဲ ဂျန်နရေးရှင်းဝေ့ဗ်လို့ခေါ်တဲ့ မျိုးဆက်သစ်လူငယ်များအစည်းအရုံးကလည်း ရန်ကုန်မြို့တွင်း ဘတ်စ်ကားတွေပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံပါတဲ့ ဖရီးအောင်ဆန်းစုကြည်လို့ရေးထားတဲ့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေခဲ့ကြတယ်လို့လည်း မျိုးဆက်သစ်လူငယ်များအစည်းအရုံးက ပြောပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးရန် မိတ္ထီလာအဖွဲ့ချုပ် တောင်းဆို

**DVB၊ မေ ၂၅။** ။ နေအိမ်အကျယ်ချုပ်ကျခံထားရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အိမ်တွင်းမှာနေထိုင်ရင်း အပြင်က နိုင်ငံခြားသားဝင်လာတဲ့အပေါ် အကြောင်းရှာပြီး တရားစွဲဆိုလိုက်တဲ့အပေါ် မိတ္ထီလာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကန့်ကွက် ရှုတ်ချလိုက်ပါတယ်။

ဒီနေ့ ပြုလုပ်တဲ့ မိတ္ထီလာမြို့နယ် လပတ်အစည်းအဝေးကနေ အခုလို ရှုတ်ချလိုက်တာဖြစ်ပြီး အပြစ်မရှိတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးဖို့လည်း တောင်းဆိုကြောင်း အဖွဲ့ချုပ် မိတ္ထီလာမြို့နယ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်မှာ လုံးဝအပြစ်လည်းမရှိဘူး။ သူ့အိမ်ထဲမှာသူ ၁၀–၁ အချုပ်အနှောင်နဲ့ နေ နေရတဲ့ကာလမှာ အပြင်က ဝင်ရောက်လာတဲ့အပေါ် အကြောင်းရှာပြီး ပုဒ်မ အကြီးကြီးတွေတပ်ပြီး အင်းစိန်ထောင်ထဲပို့တယ်။ ဒီလိုလုပ်ရပ်တွေနဲ့ပတ်သက်ပြီးတော့ မိတ္ထီလာအဖွဲ့ချုပ်အနေနဲ့ရှုတ်ချ ကန့်ကွက်တယ်လို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ နောက်တချက်က ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ ပြစ်မှုတစုံတရာမှမရှိဘဲနဲ့ ဖမ်းဆီးထိန်းသိမ်းခံနေရတာနဲ့ ပတ်သက်ပြီး ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးဖို့ တောင်းဆိုကြောင်း ဆုံးဖြတ်ချက်ချတယ်။ ဘာလို့ ဒီလိုဆုံးဖြတ်ချက်ချရလဲဆိုတော့ ဥပဒေကြောင်းအရတွေ ဘာတွေ လုပ်တာမျိုးကို ကျမတို့မိတ္ထီလာအနေနဲ့ လက်မခံချင်ဘူး။ ဘာလို့လဲဆိုတော့ နိုင်ငံရေးပါတီတစ်ခုအနေနဲ့ အစကတည်းကိုက ကိုယ့်ခေါင်းဆောင်ကို ဖမ်းသွားတာကိုက ဥပဒေမဲ့ ဖြစ်နေတယ်ဆိုတာ လုံးဝယုံကြည်ထားလို့ပဲ။”

၂၀၀၃ ဒီပဲယင်းအကြမ်းဖက်မှုနဲ့ပတ်သက်ပြီး အခုအချိန်အထိ စုံစမ်းဖော်ထုတ်တာမရှိသလို အရေးယူအပြစ်ပေးတာမရှိဘဲ ဒေါ်အောင်ဆန်းစုကြည်ကို အခုလို တရားစွဲဆိုလိုက်တဲ့အပေါ် အပြင်းအထန်ကန့်ကွက်လိုက်တာဖြစ်ပြီး ချင်းလွှတ်ပေးဖို့ တောင်းဆိုရတာ ဖြစ်တယ်လို့ ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။ ဒ့ါအပြင် အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် တရားဝင် လှုပ်ရှားဆောင်ရွက်သွားမယ်လို့လည်း အစည်းအဝေးမှာ ဆုံးဖြတ်ခဲ့ပါတယ်။ ဟောင်ကောင် ကောင်စစ်ဝန်ရဲ့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ် ရိုင်းပြစွာရေးသားပြောဆိုမှုအပေါ် ပြင်းထန်စွာကန့်ကွက် ရှုတ်ချတယ်လို့လည်း ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

“ဟောင်ကောင် ကောင်စစ်ဝန်ချုပ် ဦးရဲမြင့်အောင်၏ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ် ရိုင်းပြစွာ စော်ကားရေးသား ပြောဆိုမှုအပေါ် သံတမန်မဆန်သော ယင်းလုပ်ရပ်အတွက် ပြင်းထန်စွာရှုတ်ချကန့်ကွက်ကြောင်း ဆုံးဖြတ်သည်။” “နောက်ဆုံးတချက်အနေနဲ့ ယနေ့မြန်မာနိုင်ငံ၏အနေအထားသည် အရေးအကြီးဆုံးအချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ပါ၍ ယခင့် ယခင် အဖွဲ့ချုပ်အတွင်းမှ ထုတ်ပယ်ထားသော အဖွဲ့ဝင်များကို အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ် ပြန်လည်လက်ခံပေးရန် အဖွဲ့ချုပ်ဗဟိုသို့ တောင်းဆိုကြောင်း ဆုံးဖြတ်သည်ဆိုပြီး အချက်အားလုံး ဒီနေ့ ဆုံးဖြတ်ချက်အနေနဲ့ ၅ ခု ချမှတ်တယ်။”

# ပဲခူးတွင် သွေးလွန်တုပ်ကွေးအဖြစ်များ

**DVB၊ မေ ၂၆။** ။ ပဲခူးတိုင်း မြို့နယ်အချို့မှာ မိုးဦးကျရာသီဖြစ်တာမို့ ကလေးငယ်တွေ တော်တော်များများ သွေးလွန်တုပ်ကွေးရောဂါကို ခံစားနေကြရပါတယ်။

ကလေးသူငယ်တွေ သွေးလွန်တုပ်ကွေးရောဂါ ခံစားနေကြရပုံကို ကိုယ်တိုင်ကြုံတွေ့ရတဲ့ ပဲခူးမြို့ခံတဦးက ပြောပါတယ်။

“ပဲခူးမှာ သွေးလွန်တုပ်ကွေးနဲ့ ဝမ်းရောဂါတွေဖြစ်ပြီး ကလေးတွေ ဖျားနာပြီးတော့ ဆေးရုံ၊ ကလေးဆေးခန်းမှာ ကလေးလူနာတွေထားဖို့ နေရာမဆန့်လို့ ဝရန်တာမှာ ထားရတဲ့အဖြစ် ကျနော်တို့ကိုယ်တိုင်မြင်တာပါ။ မိဘတိုင်းလည်းဖြစ်၊ ဒီရပ်ကွက်တိုင်းမှာလည်း ဖြစ်နေတယ်၊ အဘွားကြီးတွေလည်းဖြစ်နေကြတယ်။ အထူးသဖြင့် သွေးလွန်တုပ်ကွေးက ပိုများနေတယ်။”

သွေးလွန်တုတ်ကွေး ရောဂါကြောင့် ပဲခူးမြို့အတွင်းမှာ ကလေးငယ်အချို့ သေဆုံးမှုတွေရှိတယ်လို့လည်း သူက ပြောပါတယ်။ ပဲခူးတိုင်းမှာ ကလေးငယ်တွေ သွေးလွန်တုတ်ကွေးရောဂါ ခံစားနေကြရတာနဲ့ပတ်သက်ပြီး ပဲခူးမြို့က ဆရာဝန်တဦးက အခုလိုပြောပြပါတယ်။

“ဆေးရုံမှာ လူတွေအများကြီးပဲလို့ တက်တဲ့လူတွေက ပြန်ပြောပေမယ့် အသေအပျောက်တော့မကြားဘူး။ ဆေးရုံသွားတဲ့လူဆိုတာကလည်း သိပ်အလွန်အကျွံတော့ မဖြစ်ဘူးပေ့ါ။ ရပ်ကွက်ထဲမှာက နားကိုမလည်လိုက်လို့တုန်းတိကြီး ၂ ရက်၊ ၃ ရက်လောက်ကို ပါရာစီတမောလ်၊ ဆက်သောက်ပြီးတော့ ၄ ရက်မြောက်၊ ၅ ရက်မြောက်မှာ သူ့ဘာသာသူ သေသွားတာမျိုးကရှိရင် ရှိနိုင်တာပေ့ါ။ ကျနော်တို့က လက်လှမ်းမမီတော့ ဘယ်လောက်သေတယ်ဆိုတာ မပြောနိုင်ဘူး။” သွေးလွန်တုတ်ကွေးရောဂါ ခံစားနေကြရသူတွေဟာ အသက် ၁၄ နှစ်အောက် ကလေးငယ်တွေသာ မဟုတ်တော့ဘဲ အသက်ကြီးပိုင်းတွေပါ ဖြစ်ပွားလာတာကိုတွေ့ရတယ်လို့လည်း အဲဒီဆရာဝန်က ပြောပါတယ်။ ပဲခူးမြို့နယ်မှာ သွေးလွန်တုပ်ကွေးရောဂါ ကူစက်ပြန့်ပွားနေမှုအခြေအနေနဲ့ပတ်သက်ပြီး ပဲခူးဆေးရုံကြီးကို ဆက်သွယ်မေးမြန်းလို့ မရပါဘူး။

# လူထုတရပ်လုံးပါဝင်ရန် ဗကသ စည်းရုံး

**DVB၊ မေလ ၂၅။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွှတ်မြောက်ရေးအတွက် သူတို့နဲ့အတူ လက်တွဲ တိုက်ပွဲဝင်ကြဖို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က ပြည်သူလူထုကို စည်းရုံးတိုက်တွန်းလိုက်ပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ တရားဝင်ရပ်တည်လှုပ်ရှားခွင့် ပိတ်ပင်ခံထားရတဲ့ ဗကသများအဖွဲ့ချုပ်ဟာ မြေအောက်မှာ လှုပ်ရှားနေတာဖြစ်ပါတယ်။ ဗကသများအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ကိုဇာနည်က ဒီနေ့ကြေညာချက်နဲ့လှုပ်ရှားမှုကို ပြောပါတယ်။

“ကျနော်တို့ ဒီနေ့ ၂၅ ရက်နေ့ နေ့စွဲနဲ့ ကျနော်တို့ ဗကသ ကနေ ကြေညာချက်တခု ထုတ်ပြန်ပါတယ်။ ကြေညာချက်ထဲမှာ နိုင်ငံတဝန်းမှာရှိတဲ့ ကျောင်းသူ ကျောင်းသားအကုန်လုံးကို နှိုးဆော်ထားပါတယ်၊ တိုင်းပြည် တကယ်တိုးတက်ရေးကို တကယ်လိုလားတဲ့ လူထုတရပ်လုံး ကျနော်တို့ရဲ့အမျိုးသားခေါင်းဆောင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည် အခုလို အကျဉ်းထောင်ထဲမှာ မတရားဖမ်းဆီးနှိပ်စက်ခံထားရတာကို လူထုတရပ်လုံးက ဝိုင်းဝန်းပြီး ဖြေရှင်းဖို့၊ တိုက်ပွဲဝင်ဖို့၊ တိုက်ပွဲဝင်တယ်ဆိုတဲ့နေရာမှာ နည်းအမျိုးမျိုးနဲ့ မိမိတို့တတ်နိုင်သလောက် လူထုပါဝင်နိုင်မယ့်နည်းပေါင်းစုံကို ကျနော်တို့ကတွဲပြီး တိုက်ပွဲဝင်သွားမှာဖြစ်ပါတယ်။ အဓိက လူထုကို နှိုးဆော်ဆော်ဩတဲ့ သဘောပါပဲ။ အခုလောလောဆယ် အောဘီအမ်အေတို့လို အစရှိတဲ့ အဖွဲ့မျိုးတွေ ကျနော်တို့ လူငယ်အဖွဲ့အစည်းတွေ၊ အလုပ်သမားအဖွဲ့အစည်းတွေ တတ်နိုင်သလောက် စုဆောင်း ညှိနှိုင်းဆွေးနွေးနေကြပါတယ်။ ညှိနှိုင်းပြီးတော့ အကုန်လိုက်ပါနိုင်တဲ့ ပုံစံတခုကို မကြာခင်အချိန်အတွင်းမှာ ကျနော်တို့ ဖေါ်ဆောင်သွားနိုင်မယ်လို့ ယုံကြည်ထားပါတယ်။”

ဒီလို့ဆော်စာထဲမှာ အခုအချိန်ဟာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ဖို့ ပြည်သူ့ဆန္ဒကို အစွမ်းကုန် ထုတ်ဖော်ပြသရမယ့်အချိန် ရောက်ရှိနေပြီ ဖြစ်တဲ့အကြောင်းနဲ့ စစ်အုပ်စုက လူထုခေါင်းဆောင်ကို စိတ်ထင်တိုင်း အနိုင်ကျင့်တာကို မဆန့်ကျင်ဘူးဆိုရင် ပြည်သူလူထုနဲ့ ရဟန်းသံဃာတွေကို ဒီ့ထက်ပိုပြီး လက်ရဲဇက်ရဲ ဖိနှိပ်လာတော့မှာဖြစ်တယ်လို့ ရေးသားထားပါတယ်။ ဒီလို့ဆော်စာတွေကို ရန်ကုန်၊ မြောက်ဥက္ကလာ နန္ဒဝန်ဈေး၊ တာမွေဈေး၊ ယုဇနပလာဇာ၊ လှည်းတန်း၊ သမိုင်းလမ်းဆုံ စတဲ့နေရာတွေမှာ ဒီနေ့ ဖြန့်ဝေခဲ့တယ်လို့ ဗကသ ပြောခွင့်ရသူ ကိုဇာနည်က ပြောပါတယ်။

# ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ် ၅ နှစ်ပြည့်ရန် ၆ လ လိုဟု နအဖက ဆို

**DVB | မေလ ၂၆ ။** ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်အကျယ်ချုပ် သက်တမ်းဟာ လာမယ့် မေ ၂၇ ရက်နေ့မှာ လေးနှစ်ခွဲသာ ရှိသေးပြီး လာမယ့် နိုဝင်ဘာ ၂၇ ရက်ကျမှ ၅ နှစ် တင်းတင်းပြည့်မယ်လို့ နအဖစစ်အုပ်စုက လူသိရှင်ကြား ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ဒီနေ့ ပြောကြားချက်ဟာ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထိန်းသိမ်း နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ စတင်တဲ့ရက် အတိအကျကို ထုတ်ပြန်ပေးလိုက်တဲ့ ပထမဆုံး အစိုးရထုတ်ပြန်ချက်ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ပုဒ်မ ၁၀ က၊ ၁၀ ခ အရ အများဆုံးအရေးယူနိုင်တဲ့ သက်တမ်းကာလကို အစိုးရက ခြောက်နှစ်နဲ့ ရက်ပေါင်း ၁၈၀ သတ်မှတ်ထားပါတယ်။ အဲဒီမှာ နောက်ဆုံး သက်တမ်းတိုးနေတဲ့ အမြင့်ဆုံးချမှတ်နိုင်တဲ့ တားဆီးမိန့်ဟာ ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၈ရက်က စတင်ခဲ့ပြီး လာမယ့် နိုဝင်ဘာ ၂၇ ရက်ကျမှ ပြည့်တယ်လို့ ဒု–ရဲချုပ် မြင့်သိန်းက အင်းစိန်ထောင်တွင်း ဒီမနက် သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။ ဒီ ၅ နှစ် မတိုင်ခင် ကျခံခဲ့ရတဲ့ ရက်ပေါင်း တရာ့ရှစ်ဆယ်နဲ့ ၁ နှစ် ကာလဟာ သီးခြားချမှတ်ခဲ့တာဖြစ်တယ်လို့ ပြောပါတယ်။

နအဖစစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်အပေါ် ပုဒ်မ ၁၀–က အရ ချုပ်နှောင်ခြင်းနဲ့ ပုဒ် ၁၀–ခ အရ တားဆီးခြင်းဆိုပြီး နှစ်မျိုးအရေးယူပြီး အစိုးရကိုယ်စား ဗဟိုအဖွဲ့ကို တာဝန်ပေးပါတယ်။ ဗဟိုအဖွဲ့က ၁၀–က အရ ကိုင်တွယ်ရာမှာ ၂၀၀၃ ဇွန် ၁ ရက်နေ့ကစလို့ ရက်ပေါင်း ၁၈၀ ဖမ်းဆီးချုပ်နှောင်ပါတယ်။ ဒီ့နောက် ဗဟိုအဖွဲ့က အစိုးရခွင့်ပြုချက် တောင်းခံပြီး ပုဒ်မ ၁၀ ခ အရ တားဆီးမိန့်တနှစ် ထုတ်ပြန်တာလို့ ဆိုပါတယ်။ နောက်ပိုင်းမှာမှ အစိုးရအဖွဲ့ ခွင့်ပြုချက်နဲ့ ပုဒ်မ ၁၀–ခ အရ အများဆုံးချမှတ်နိုင်တဲ့ တားဆီးမိန့်ထုတ်ပြီး တနှစ်တခါ၊ ခြောက်လတခါ သက်တမ်းတိုးနေတာလို့ ပြောပါတယ်။ အဲဒီလိုတိုးတာ ငါးနှစ်အထိ အမြင့်ဆုံးသတ်မှတ်ထားပါတယ်။

၂၀၀၃ ဒီပဲယင်းအရေးအခင်း ဖြစ်ကတည်းက ဒေါ်အောင်ဆန်းစုကြည် အကျဉ်းကျတာ ၆ နှစ် ပြည့်တော့မှာဖြစ်ပေမယ့် နအဖက ၄ နှစ်ခွဲပဲ ရှိသေးတယ်လို့ပြောတာဖြစ်ပါတယ်။ နအဖက ဒီလိုပြောပေမယ့် အနှစ် ၂၀ လုပ်သက်ရှိ တရားရုံးရှေ့နေ ဦးမျိုးသွင်က သတ်မှတ်ရက်ထက် ကျော်နေပါတယ်လို့ ထောက်ပြပြောဆိုပါတယ်။

“စတင်ရေတွက်တဲ့ နေ့တွေကစပြီး ဆင့်ကဲ ဆင့်ကဲက ချုပ်ရက်တွေကို သတ်မှတ်ရမှာဖြစ်ပါတယ်။ အဲ့ဒီမှာကတည်းက ဥပဒေပြဌာန်းချက်အရ စတင်ထိန်းသိမ်းတယ်ဆိုတာ ပေါ်ပေါက်နေပြီးဖြစ်နေပါတယ်။ အဲ့ဒါကြောင့်မို့ စထိန်းတဲ့ရက်ကတွက်ရမှာ ဖြစ်ပါတယ်။ ဖမ်းဆီးချုပ်နှောင်တယ်ဆိုတာ ဥပဒေအရ ထိန်းသိမ်းတာပါပဲ။ ဥပဒေမှာ လူတယောက်ကို ပြည်ထဲရေးလက်အောက်ခံ ပြည်သူ့ရဲတပ်ဖွဲ့က ၂၄ နာရီ ဖမ်းဆီးချုပ်နှောင်ခွင့် မရှိပါဘူး။ ဖမ်းဆီးချုပ်နှောင် မယ်ဆိုရင် တရားသူကြီးတယောက်ရဲ့ ရမန်ယူရပါတယ်။ ဒီ ၁၀–၁ မှာ ပြဌာန်းချက်အရ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ တားဆီးကန့်သတ်နိုင်တဲ့ ဥပဒေအနေနဲ့ထိန်းသိမ်းရလောက်တဲ့ ပြစ်မှုကျူးလွန်ထားတာမရှိပါဘူး။ ဒါပေမယ့် သူတို့ စတင်ပြီးတော့ ထိန်းသိမ်းတယ်ဆိုတဲ့ ဥပဒေနဲ့အညီ သူတို့ပြောတဲ့ စကားလုံးအရ ရက်ပေါင်း ၁၈၀ ထိန်းသိမ်းတယ်ဆိုတာကိုက ဒီဥပဒေနဲ့ စတင်ပြီး ထိန်းသိမ်းတာ ပေါ်ပေါက်နေတဲ့အတွက် စတင်ထိန်းသိမ်းတဲ့ရက်ကိုပဲ စပြီး ရေတွက်ရမှာဖြစ်ပါတယ်”။

ဒီသတင်းစာရှင်းလင်းပွဲကို ပြည်တွင်းပြည်ပ စာနယ်ဇင်းသမား နှစ်ဆယ်ကျော်နဲ့ ပြည်တွင်းက နိုင်ငံခြားသံတမန် ၄၀ ဝန်းကျင် တက်ရောက်နားထောင်ပါတယ်။ သူတို့တွေက ရှင်းလင်းသူတွေကို ပြန်လှန်မေးခွန်းမေးလိုပေမယ့် တာဝန်ရှိသူတွေက သတင်းစာရှင်းလင်းပွဲမစခင်ကတည်းက မမေးမြန်းဖို့တားဆီးခဲ့တယ်လို့ ဝင်ခွင့်ရသူ သတင်းထောက်တွေကပြောပါတယ်၊ နအဖကတော့ နေအိမ်အကျယ်ချုပ်ကျနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်တွင်း လူစိမ်းဝင်တဲ့အမှုကို ဆယ်ရက်အတွင်း ရုံးတင်တရားစွဲဆိုသလို တရားရုံးက စွဲချက်တင်လိုက်ပြီဖြစ်ပေမယ့် အဓိက လုံခြုံရေးတာဝန်ယူသူတွေကို တရားစွဲဆို သတင်းထုတ်ပြန်ဖို့ပျက်ကွက်နေဆဲဖြစ်တယ်၊ ဒ့ါအပြင် လွန်ခဲ့တဲ့ ၆ နှစ်က လူအုပ်စုလိုက် ဝိုင်းရိုက်ခဲ့တဲ့ ဒီပဲယင်း အကြမ်းဖက်မှုတရားခံတွေကို ဖော်ထုတ်ခြင်းလည်းမရှိသေးပါဘူး။

# အာဆမ်အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့အရေးသာ လွှမ်းမိုး

**DVB | မေလ ၂၈ ။** ။ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့မှာ ဆက်လက်ကျင်းပနေတဲ့ အာရှ–ဥရောပ အာဆမ်အစည်းအဝေးမှာ နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ခွန်းတုံ့ပြန်ပြောဆိုနေတယ်လို့ ဖနွမ်းပင်ကလာတဲ့ သတင်းတွေအရ သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည် တရားရင်ဆိုင်နေမှုကိစ္စမှာ မစွက်ဖက်ကြပါနဲ့၊ ဒီကိစ္စဟာ မြန်မာ့ပြည်တွင်း ဥပဒေရေးရာသာဖြစ်တဲ့အကြောင်း၊ နိုင်ငံတကာဝင်ရောက်စွက်ဖက်မှုဟာ အချုပ်အချာအာဏာကို ခြိမ်းခြောက်မှုဖြစ်ကြောင်း အာဆမ်အစည်းအဝေးမှာ နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက တုံ့ပြန်ပြောဆိုတာပါ။ ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်အမှုကိစ္စဟာ ဥပဒေရေးရာသာဖြစ်ပြီး လူ့အခွင့်အရေးကိစ္စမဟုတ်ဘူး၊ နိုင်ငံတကာ အသိုက်အဝန်းဟာ ဒေါ်အောင်ဆန်းစုကြည်အမှုကိုပဲ အကြီးအကျယ် စိတ်ဝင်တစားဖြစ်နေကြကာ ပြည်တွင်းရေးဝင်ရောက် မစွက်ဖက်ရေးမူကို မစောင့်ထိန်းကြဘူးလို့ ခွန်းတုံ့ပြန်သွားပါတယ်။

မြန်မာနိုင်ငံဒီမိုကရေစီ အသွင်းကူးပြောင်းရေးမှာ အလွန်အရေးပါတဲ့ အဆင့်ကို ရောက်ရှိနေပြီး လူပုဂ္ဂိုလ်တဦးတယောက်ကြောင့် ဒီလုပ်ငန်းစဉ်ကို အနှောင့်အယှက်အဖြစ်မခံနိုင်ပါဘူးလို့လည်း နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက ပြောသွားပါသေးတယ်။ ဦးဉာဏ်ဝင်းက အဲဒီလိုပြောနေပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုနေတဲ့ကိစ္စဟာ အာရှ–ဥရောပ ၄၄ နိုင်ငံဝန်ကြီးတွေကြားမှာ လက်မခံနိုင်စရာအရေးကိစ္စတရပ်အနေနဲ့ ဒီအစည်းအဝေးတခုလုံးမှာ လွှမ်းမိုးနေပါတယ်။

အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် ဆူရင်းပစ်ဆူဝမ်ရဲ့ အဆိုအရ တံခါးပိတ်ဆွေးနွေးပွဲထဲမှာ အာဆီယံဝန်ကြီးတွေနဲ့ဦးဉာဏ်ဝင်းဟာ မကြာခဏ ထိပ်တိုက်တွေ့ကြရတယ်လို့သိရပါတယ်။ အာဆမ်အစည်းအဝေးတလျှောက်လုံး နိုင်ငံတကာ သတင်းမီဒီယာတွေက အာရုံစူးစိုက်နေတာဟာ နအဖနိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းဖြစ်နေပြီး ဦးဉာဏ်ဝင်းက ဘယ်သတင်းမီဒီယာကိုမှ ပြန်ဖြေကြားတာမရှိဘဲ မေးမြန်းချက်တွေကို တွင်တွင်ငြင်းဆိုနေပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရေးအတွက် ဒေသတွင်းနိုင်ငံတွေက တောင်းဆိုသံတွေ ဆက်တိုက်ထွက်ပေါ်နေတဲ့အပြင် မြန်မာကို အာဆီယံအဖွဲ့ကနေထုတ်ပယ်ဖို့၊ ဆိုင်းငံ့ဖို့ တောင်းဆိုသံတွေလည်း ဆက်တိုက်ထွက်ပေါ်နေပါတယ်။ ဒါပေမယ့် လက်ရှိ အာဆီယံဥက္ကဋ္ဌဖြစ်တဲ့ ထိုင်းနိုင်ငံဝန်ကြီးချုပ်ကတော့ မြန်မာကို အာဆီယံကနေ ထုတ်ပယ်ဖို့ကိုငြင်းဆိုပါတယ်။ အာဆီယံအဖွဲ့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်ဆိုပြီး မြန်မာကို အာဆီယံကနေ ထုတ်ပယ်လိုက်ရုံနဲ့ စစ်အာဏာရှင်စနစ်ကနေ ပြောင်းလဲလာမှာ မဟုတ်ပါဘူးလို့ စင်္ကာပူအစိုးရက ထုတ်ဖော်ပြောဆိုပါတယ်။ စင်္ကာပူနိုင်ငံခြားရေးဌာန အကြီးတန်းဝန်ကြီး ဗိုင်နူလ်အဘီဒင် ရာရှက်ဒ်က စင်္ကာပူပါလီမန်ထဲမှာ ခုလိုပြောဆိုလိုက်တာပါ။

မြန်မာကို ဝိုင်းပယ်ထားတာထက်စာရင် ဆက်သွယ်ဆွေးနွေးနေတာကမှ ပိုပြီးသြဇာလွှမ်းမိုးနိုင်မယ်လို့ သူကဆိုပါတယ်။ ဒါပေမယ့် မြန်မာပြည်တွင်းမှာ အခုဖြစ်ပျက်နေတာတွေဟာ အာဆီယံအဖွဲ့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေတယ်ဆိုတာကိုတော့ သူက ဝန်ခံပြောကြားပါတယ်။ မြန်မာနိုင်ငံကို အာဆီယံအဖွဲ့က ထုတ်ပယ်ရုံနဲ့ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်လာမှာမဟုတ်ဘူးလို့လည်း စင်္ကာပူဝန်ကြီးက သုံးသပ်ပါတယ်။ အာဆီယံထဲက မြန်မာကို ထုတ်ပယ်ပစ်ဖို့အာဆီယံဒေသအပြင်ဘက်က အဆိုပြုတာတွေ မကြာမကြာရှိခဲ့ပါတယ်၊ ဒါပေမယ့် အဲဒီနည်းဟာ ထင်သလောက် အလုပ်ဖြစ်မှာမဟုတ်ပါဘူးလို့ ပြောပြီး မြန်မာကိုပစ်ပယ်ထားတာထက် ဆက်သွယ်ဆွေးနွေးတာကသာလျှင် သြဇာလွှမ်းမိုးနိုင်စရာရှိမယ်လို့ ဆိုပါတယ်။

# စီးပွားရေးပိတ်ဆို့အရေးယူမှုအကြောင်း တစေ့တစောင်း

ခင်မမမျိုး

**ယခင်ပတ်အဆက်**

နိုင်ငံပေါင်းများစွာမှာ၊ ဖြစ်ရပ်ပေါင်းများစွာမှာ၊ နှစ်ပေါင်းများစွာမှာ လမ်းဘေးစကားဝိုင်းတွေကနေ တက္ကသိုလ်ဆက်မီနာတွေ၊ ပါလီမန်တွေ၊ နိုင်ငံတကာအစည်းအဝေးခမ်းမတွေအထိ နေရာများစွာမှာ ကိုယ်မြင်ရာအမြင်တွေကို အသွင်သဏ္ဍာန်မျိုးစုံနဲ့ ဖော်ထုတ်ခဲ့ကြ၊ ဖော်ထုတ်နေဆဲ၊ ဆက်လက်ပြီးတော့လည်း ဆွေးနွေးနေကြရင်း အဖြေခက်တဲ့ပုစ္ဆာတပုဒ်ကို နည်းပေါင်းစုံနဲ့ရှင်းလင်းနေကြဦးမှာပါဘဲ။ ဒီတော့ ဒီလိုမတူညီတဲ့ ရှုထောင့်တွေကြားမှာ ဘာတွေလုပ်ဘို့လိုအပ်သလဲဆိုတာ မေးစရာရှိလာပါတယ်။

## မတူညီတဲ့ရှုထောင့်တွေကြားကနေ ဘာတွေလုပ်သင့်ကြသလဲ

ဒီသဘောတရားကို မဟာဗျူဟာရှုထောင့်၊ နိုင်ငံခြားရေးရှုထောင့်ကနေကြည့်မယ်ဆိုရင်တော့ စီးပွားရေးပိတ်ဆို့အရေးယူမှုဟာ ထိရောက်မှုအားနည်းတာ မှန်ပေမယ့် အာဏာရှင်အစိုးရတွေရဲ့ ပြည်သူလူထုအပေါ် ဖိနှိပ်ချုပ်ချယ်မှုတွေကို နိုင်ငံတကာက လက်မခံဘူးဆိုတဲ့ သတင်းစကားကိုပေးပါတယ်။ ဒါကြောင့် စီးပွားရေးပတ်ဆို့မှုကို ရုတ်သိမ်းလိုက်မယ်ဆိုရင် အာဏာရှင်အစိုးရတွေအတွက် ပြည်သူလူထုကို ပိုမိုဖိနှိပ်ချုပ်ချယ်ဘို့ အခွင့်အလမ်းရသွားပါတယ်။ အတိုက်အခံတွေဘက်က နိုင်ငံတကာက အကူအညီပေးနေတယ်။ လာပေးဦးမှာ။ စောင့်နေဆိုတဲ့ အလွန်အကျွံသတင်းစကားကို ပြည်သူလူထုဆီကို ပေးခဲ့ဘူးတယ်ဆိုရင်တော့ အခြေအနေကပိုဆိုးတတ်ပါတယ်။

ပြည်သူလူထုဟာ အတိုက်အခံတွေအပေါ်မှာရော နိုင်ငံတကာအပေါ်မှာပါ ယုံကြည်မှုနည်းသွားပြီး အာဏာရှင်ရဲ့ပုံစံခွက်ထဲကနေထွက်ဘို့ မကြိုးစားတော့ဘဲ ဖြစ်သွားတတ်တာမျိုးပါ။ ဒီလိုဆိုရင်တော့ သန်းနဲ့ချီ သိန်းနဲ့ချီတဲ့ ပြည်သူတွေအားလုံးရဲ့ ဘဝနောင်ရေးတွေဟာ ရင်လေးစရာဖြစ်လာမှာ အသေအချာပါဘဲ။ ဒါကြောင့် မဟာဗျူဟာရှုထောင့်က ကြည့်သူတွေအနေနဲ့ တဘက်ကနေ Unilateral Sanction ကို ကျားကန်ထိန်းထားဘို့လိုသလို နိုင်ငံတကာစစ်မျက်နှာမှာဘဲ ပုံအပ်ကိုးကွယ်ထားတဲ့ပေါ်လစီတွေ၊ ဗျူဟာတွေကို ပြောင်းလဲရေးဆွဲသင့်ပါတယ်။ တော်လှန်ရေးတခုမှာ လိုအပ်တဲ့စစ်မျက်နှာတွေအားလုံးကို ဟန်ချက်ညီအောင်ကြိုးစားဘို့ လိုအပ်ပါတယ်။

ပြည်သူလူထုကိုလည်း လွဲမှားပြီး မဖြစ်နိုင်ပေမယ့် သတင်းစကားတွေ ထပ်တလဲလဲပြောလို့ ဖုန်းကွယ်လိမ်ညာနေမယ့်အစား အမှန်တရားကိုပြောပြရင်း "မတရားမှုကိုချုပ်ငြိမ်းနိုင်မယ့်အင်အားဟာ ကိုယ်တိုင်ဆီမှာဘဲရှိတယ်။ ကယ်တင်ရှင်မမျှော်နဲ့၊ ကိုယ်သာကယ်တင်ရှင်ဖြစ်အောင်လုပ်၊ ကိုယ့်ဘာသာ ကိုယ် ဦးဆောင်ဆိုတဲ့" အခြေအနေမှန်ကို မီးမောင်းထိုးပြလိုက်ဘို့ လိုအပ်ပါတယ်။ ကမ္ဘာတလွှားမှာ လူထုအားကြောင့် ပြုတ်ကျခဲ့ရတဲ့ အာဏာရှင်တွေအများကြီးပါ။

အရေးပေါ်လာတဲ့အချိန်တွေမှာမှ ပေါ်ထွက်လာတဲ့ ခေါင်းဆောင်ကောင်းတွေကလည်း အများကြီးပါ။ ထာဝရခေါင်းဆောင်ဆိုတာ မရှိပါဘူး။ ဒီနေ့ခေါင်းဆောင်ဟာလည်း နက်ဖြန်အတွက်ခေါင်းဆောင် ဖြစ်ချင်မှဖြစ်လာတတ်ပါတယ်။ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုတွေ၊ စောင့်မျှော်မှုတွေ၊ ဦးဆောင်နိုင်တာမဟုတ်ဘဲ ထာဝရခေါင်းဆောင်လုပ်နေတာတွေနဲ့ကတော့ အချိန်တွေတစတစ ကုန်သွားရုံကလွဲလို့ တခြားဘာမှဖြစ်လာမှာမဟုတ်ပါဘူး။

အခြားတဘက်ကနေ ဖွံ့ဖြိုးတိုးတက်ရေးရှုထောင့်က ကြည့်မယ်ဆိုရင်တော့ စီးပွားရေးပိတ်ဆို့မှုဆိုတဲ့ သဘောတရားရဲ့နောက်ကွယ်မှာ Spillover Effects တွေရှိပါတယ်။ အထူးသဖြင့် Multilateral Sanction တွေမှာ ပြစ်မှတ်ထားတဲ့အစိုးရအကြီးအကဲများကိုသာမကဘဲ ပြည်သူလူထုကိုပါ ထိခိုက်သွားတာတွေရှိပါတယ်။ Unilateral Sanction/ Bilateral Sanction တွေမှာကျတော့ ကုန်သွယ်ရေးပိတ်ဆို့မှုရော၊ ဘဏ္ဍာရေးပိတ်ဆို့မှုရော ပြုလုပ်ဘို့ဆိုတာ နိုင်ငံအနည်းအကျဉ်းကဘဲ လုပ်နိုင်တာကြောင့် ပြည်သူလူထုကို ထိခိုက်မှုနည်းပါတယ်။

တခြားသော တတိယနိုင်ငံတွေရဲ့အကူအညီက အလျှင်အမြန်အစားထိုးသွားတာကြောင့် စီးပွားရေးပိတ်ဆို့မှုကြောင့်ဖြစ်ရတဲ့ Spillover Effects တွေက မရှိသလောက်ရှားပါးပါတယ်။ အာဏာရှင်တိုင်းပြည်အများစုမှာကတော့ ပြည်သူလူထုတွေ ဆင်းရဲငတ်မွတ်ရတာ၊ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးရတာတွေက စီးပွားရေးပိတ်ဆို့အရေးယူမှုထက်စာရင် တိုင်းပြည်ရဲ့စီးပွားရေးပေါ်လစီ ညံ့ဖျင်းမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေ၊ စီးပွားရေးအဆောက်အဦကို အာဏာရှင်နဲ့ အာဏာရှင်အသိုင်းအဝိုင်းတွေကသာ ကြိုးကိုင်ချယ်လှယ်မှုတွေကြောင့် ဖြစ်တာများပါတယ်။

စီးပွားရေးပိတ်ဆို့မှုစတင်တဲ့အချိန်နဲ့ တခြားတတိယနိုင်ငံက အစားထိုးဝင်ရောက်မှု အချိန်ကြားက ကွာဟမှုတွေကြောင့် အဲဒီအချိန်နှစ်ခုကြားမှာ အလုပ်လက်မဲ့ဖြစ်သွားတဲ့လူဦးရေ အနည်းအကျဉ်းကတော့ ရှိပါလိမ့်မယ်။ ဒီအတွက် ကိုယ်ချင်းစာတယ်၊ ဒီလိုထိခိုက်မှုကြောင့် စီပွားရေးပိတ်ဆို့မှုကို ရုတ်သိမ်းဘို့လိုအပ်တယ်လို့ ထင်သူတွေလည်းရှိပါတယ်။ စီးပွားရေးပိတ်ဆို့မှုကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုထိခိုက်တယ်လို့ မြင်သူတွေလည်းရှိတတ်ပါတယ်။ သူ့ရှုထောင့်နဲ့သူကတော့မှန်တာပါဘဲ။

ဒါကြောင့် ဒီအမြင်ရှိသူတွေအနေနဲ့ကလည်း စီးပွားရေးပိတ်ဆို့မှု ရုတ်သိမ်းလိုက်တဲ့အခါမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုကြောင့် ထောင်နဲ့ချီတဲ့လူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ရလာနိုင်သလို၊ အာဏာရှင်တွေအတွက် ပြည်သူလူထုကို ပိုမိုဖိနှိပ်ချုပ်ချယ်နိုင်တဲ့ အခွင့်အလမ်းသစ်တွေ ရရှိသွားမယ်ဆိုတဲ့ အမှန်တရားတခုကိုလက်ခံရင်း အာဏာရှင်တွေ လက်ထဲရောက်နေတတ်တဲ့ စီးပွားရေးအခွင့်အလမ်းတွေကို လူထုအကျိုးအတွက်ဖြစ်အောင် ဘယ်လို Divert လုပ်မလဲ၊ ပိတ်ဆို့မှုဖွင့်လိုက်လို့ ပိတ်ဆို့ခဲ့ဘူးတဲ့နိုင်ငံတွေက ရင်းနှီးမြှုပ်နှံမှုတွေ စတင်ဝင်ရောက်လာတဲ့အခါ ပိတ်ဆို့ထားစဉ်မှာတုန်းက ဝင်ရောက်လုပ်ကိုင်နေတဲ့ တတိယနိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ Conflicts of Interests ဖြစ်ရာက ဆက်နွှယ်လာမယ့်ဆိုးကျိုးတွေကို ဘယ်လိုရှင်းမလဲ။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ်မှာ ကန့်သတ်ချက်တွေရှိနေတဲ့ အာဏာရှင်အစိုးရတွေရဲ့ ဥပဒေတွေကို ပြောင်းလဲယူနိုင်တဲ့ အရည်အချင်းနဲ့ပါဝါ ကိုယ့်မှာဘယ်လောက်ရှိသလဲ၊ Cross-Border Acquisitions တွေကို ဘယ်လိုကိုင်တွယ်မလဲ၊ ကမ္ဘာ့စီးပွားရေးပျက်ကပ်ဆိုက်နေတဲ့ ဒီခေတ်ကာလကြီးမှာ ကမ္ဘာ့ဘဏ္ဍာရေးနဲ့ဆက်စပ်ပေါ်လာမယ့် Economic Exposure, Transaction Exposure, Translation Exposure စတဲ့ Foreign Exchange Exposures တွေကို စီမံခန့်ခွဲဘို့ရော ကိုယ့်စီးပွားရေးအဆောက်အဦနဲ့ ဘဏ္ဍာရေးစနစ်က အဆင်သင့်ဖြစ်နေသလားဆိုတာတွေကို ပြန်လည်သုံးသပ်ပြီး လိုအပ်တာတွေဖြည့်ဆည်း၊ သင့်လျော်တာတွေလုပ်ဘို့ လိုအပ်လှပါတယ်။ နိုင်ငံ့ရေးရာကိစ္စတွေမို့ စာတစောင်၊ ပေတဖွဲ့နဲ့တော့ ပြီးဆုံးနိုင်မှာမဟုတ်ပါဘူး။ စီးပွားရေးပေါ်လစီစာတမ်း မဟုတ်တဲ့အတွက် အသေးစိတ်မရေးလိုတော့ပါဘူး။

ဒါကြောင့် နိဂုံးချုပ်ဆိုရရင် မျက်နှာချင်းဆိုင်ထိုင်ပြီး "ကကြီးပါ"၊ "ယပက်လက်ပါ"၊"ဒ ဒွေးပါ"၊"င သတ်ပါ"နဲ့ ငြင်းခုန်မှုတွေ လုပ်နေကြတာထက်စာရင် ကိုယ်ကြည့်တဲ့ရှုထောင့် ကိုယ်ယုံကြည်တဲ့ယုံကြည်ချက်အပေါ်မှာ အခြေတည်ပြီး ကိုယ့်လမ်းနဲ့ကိုယ် ထိရောက်အောင်လုပ်နိုင်တာတွေ ပြုလုပ်ကြဘို့ အလေးအနက်ထား တိုက်တွန်းလိုပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# ဒေါ်အောင်ဆန်းစုကြည်အတွက် ပြည်တွင်းပြည်ပ ဆုတောင်း၊ ဆန္ဒပြပွဲများ

**DVB၊ မေ ၂၄။ ။** အင်းစိန်ထောင်တွင်း ဖမ်းဆီး တရားရုံးတင်ခံနေရတဲ့ မြန်မာ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ငါးလွှတ်ဆုတောင်းကုသိုလ်ပြုပွဲကို မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်မှာ ဒီနေ့ကျင်းပပါတယ်။

ဒီနေ့မနက်ပိုင်းက လူငယ် ၄၀ ခန့်ဟာ အဖြူရောင် အင်္ကျီတွေကို ဝတ်ဆင်ပြီး ကျောက်ပန်းတောင်းမြို့အရှေ့ဘက် မဟာစေတီဘုရားမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက် ငါးလွှတ်ဆုတောင်းတာကို ကိုယ်တိုင်ပါဝင်သူ လူငယ်တဦးဖြစ်တဲ့ ကိုလတ်က ပြောပါတယ်။

"ကျောက်ပန်းတောင်းမြို့နယ်က တက်ကြွတဲ့ လူငယ်တွေအကုန်လုံး ဦးဆောင်လုပ်ကြတာ။ အန်အယ်လ်ဒီက လူငယ်တွေလည်းပါတယ်။ ဆုတောင်းတာ နှစ်သုတ်ဆိုတော့ လူအယောက် ၄၀ လောက်ပါတယ်။ နှောင့်ယှက်မှုတော့ မရှိဘူး။ လာကြည့်နေတာတော့ရှိတယ်။ အပြန်မှာ နောက်တန်းကလူတွေတော့ ဘာလုပ်တာလဲလို့အမေးခံရတယ်။ ကျနော်တို့ ဒါငါးလွှတ်တာလို့ပြောလိုက်တာပေ့ါ။ ဗုဒ္ဓဘာသာအစဉ်အလာအရ ဆုတောင်းမေတ္တာပို့တယ်ဆိုတာ ကျနော်တို့ကိုယ် ကျနော်တို့ယုံကြည်တယ်။ ယုံကြည်လို့ ဒီပုံစံလုပ်တာပေ့ါ။ အန္တရာယ်ဆိုတာအမြဲတမ်းကြုံရမှာ၊ ကြောက်နေရတဲ့ လူတွေချည်းပဲ၊ အန္တရာယ်ရှိတယ်ဆိုပေမယ့်လည်း လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို အောင်မြင်စွာလုပ်နိုင် တဲ့အတွက် ကျနော်တို့မြို့အနေနဲ့ နည်းနည်းဂုဏ်ယူဝမ်းမြောက်တယ်လို့ ပြောချင်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားလွှတ်မြောက်ရေး ဆုတောင်းပွဲတွေကို ကျောက်ပန်းတောင်းမြို့နယ် လူငယ်တွေအနေနဲ့ မနေ့ကနေ မနက်ဖြန်အထိ ၃ ရက်ဆက်တိုက် ပြုလုပ်သွားမှာဖြစ်ပြီး အခြားမြို့နယ်တွေအနေနဲ့ အလားတူဆုတောင်းပွဲတွေကို လုပ်ဆောင်သင့်တယ်လို့ ကိုလတ်က တိုက်တွန်းပါတယ်။

စင်္ကာပူမှာရှိတဲ့ မြန်မာနိုင်ငံသားတွေကလည်း ဒေါ်အောင်ဆန်းစုကြည် အင်းစိန်ထောင်မှာ ဖမ်းဆီးရုံးတင်ခံနေရချိန်မှာ သူနဲ့အတူရှိနေတာကို ပြသတဲ့ အနေနဲ့ ဆုတောင်းမေတ္တာပို့သပွဲ ဒီနေ့ ညနေပိုင်းက စင်္ကာပူနိုင်ငံ တိုပါးရိုး ဘုန်းကြီးကျောင်းမှာ ပြုလုပ်ခဲ့ပါတယ်။ ဆုတောင်းမေတ္တာပို့သခြင်း၊ သစ္စာပြုခြင်းဟာ ဗုဒ္ဓဘုရားရှင်ကို ယုံကြည်သူတွေအတွက် အစွမ်းထက်မြက်တဲ့ တရားလက်နက်ဖြစ်စေတယ်လို့ တရားပေးတော်မူတဲ့ ဆရာတော် ဦးသုရဘိက္ခုက တရားနာ ပရိသတ်ကို မိန့်ကြားပါတယ်။

"မြန်မာပြည်သူတွေအနေနဲ့လည်း နေ့စဉ်လူနေမှုဘဝမှာ အခက်အခဲမျိုးစုံကြုံလာတဲ့အခါမှာ မေတ္တာ၊ သစ္စာက ဗုဒ္ဓဘာသာဝင် ပြည်သူတွေအများစုရဲ့အားကိုးရာ လက်နက်တခုပဲ။ ကျန်တာ ကိုယ့်မှာအားကိုးရာမရှိတော့ ဒီမေတ္တာလက်နက်၊ သစ္စာလက်နက်ဆွဲကိုင်ပြုပြီးတော့မှ နေ့စဉ်မိသားစုတိုင်း၊ လူတိုင်း လုပ်ကြမယ်ဆိုရင် ခက်ခဲတွေ့ကြုံနေတဲ့ နိုင်ငံရေးအခက်ခဲတွေဟာ နေ့နေ့ တချိန်ချိန်မလွဲမသွေ အနေးနဲ့အမြန် ပြောင်းလဲလာလိမ့်မယ်လို့ ဘုန်းကြီးယုံကြည်ပါတယ်။ ပြည်သူတွေလည်း ယုံယုံကြည်ကြည်နဲ့လုပ်နိုင်ကြပါစေ၊ လုပ်နိုင်ကြသဖြင့်လည်းပဲ ပြည်သူတွေအားလုံး ခံစားနေရတဲ့ ဒုက္ခက ဝေးကွာလို့ လိုရာဆန္ဒပြည့်ဝနိုင်ကြပါစေလို့ ဘုန်းကြီးမေတ္တာပို့ရင်းနဲ့၊ ဆန္ဒပြုပါတယ်။"

အလှူ့ရှင်အစုံက မြန်မာလူမျိုး ၄၀၀ ခန့်တက်ရောက်ကာ တက်ရောက်လာသူတချို့က နှင်းဆီပန်းတွေ ယူဆောင်လာပြီး အနီရောင်တီရှပ်တွေ ဝတ်ဆင်လာကြတယ်လို့ ဆုတောင်းပွဲမှာရှိနေတဲ့ ကိုအောင်နိုင်မိုးက ပြောပါတယ်။

"ခန်းမကြီးမှာ မဆန့်တော့လို့ လှေကားထစ်တွေမှာ ထိုင်ရတဲ့ အခြေအနေအထိဖြစ်သွားတယ်။ ပရိသတ် ၄၀၀ လောက်ထဲမှာ မြန်မာ့ဒီမိုကရေစီအရေးအတွက် အထူးရိုက်နှိပ်ထားတဲ့ အနီရောင်တီရှပ်ဝတ်ထားတဲ့ လူတွေလည်းပါတယ်။ ကျောင်းထဲ ဝင်ဝင်ချင်း မြန်မာ့အရေးလှုပ်ရှားသူတွေက လာတဲ့သူတွေကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ တရားခွင်နဲ့ပတ်သက်တဲ့ နောက်ဆုံးရသတင်းတွေ ရိုက်နှိပ်ထားတဲ့ စာစောင်လေးတွေ ဝေတယ်။"

မေ ၃၁ ရက်နေ့မှာလဲ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် MARUAH စင်္ကာပူ လူ့အခွင့်အရေးအဖွဲ့ကဦးဆောင်ပြီး မြို့လည်ကောင် ပန်းခြံမှာ အဝါရောင်ဝတ်စုံတွေနဲ့ ဆန္ဒပြလှုပ်ရှားကြမယ်လို့လည်း သိရပါတယ်။ ထိုင်းနိုင်ငံဘန်ကောက်မြို့မှာ ပြည်ပရောက်မြန်မာကျောင်းသားတွေစုပေါင်းကာ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားတဲ့အပေါ် ကန့်ကွက်ပြီး တရုတ်နဲ့ရုရှားအစိုးရက နအဖစစ်အုပ်စုအပေါ် ထောက်ခံနေမှုကို ရှုတ်ချတဲ့ ဆန္ဒပြလှုပ်ရှားမှုကို ဒီနေ့ မနက်ပိုင်းက လူအင်အား ၇၀ ခန့်နဲ့ ကျင်းပခဲ့ကြတယ်လို့ သိရပါတယ်။

ထိုင်း–မြန်မာနယ်စပ်မြို့မှာလည်း နိုင်ငံရေးအကျဉ်းသားဟောင်းတွေ၊ ရွှေဝါရောင်ဆန္ဒပြ သံဃာတော်တွေ၊ မြန်မာအလုပ်သမားတွေအပါအဝင် မြန်မာ့အရေးစာနာသူ နိုင်ငံခြားသားတချို့ပူးပေါင်းပြီး ထိုင်းရဲတွေစောင့်ကြည့်နေတဲ့ကြားက ဒေါ်အောင်ဆန်းစုကြည်ကို မတရားအမှုဆင် ထောင်ချမယ့် နအဖလုပ်ရပ်ကို ကန့်ကွက်ဆန္ဒပြခဲ့ကြပါတယ်။

---

# ရန်ကုန်တွင် မိုးကြီး ပျက်စီးမှုအချို့ရှိ

**DVB၊ မေလ ၂၅။ ။** မေ ၂၂ ရက်က ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းမှာ စတင်ဖြစ်ပေါ်ခဲ့တဲ့ ဆိုင်ကလုံးမုန်တိုင်းငယ်ရဲ့ အဖျားခတ်မှုကြောင့် ရန်ကုန်မြို့ပေါ်မှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေလျှံမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။

ဆိုင်ကလုံးမုန်တိုင်းငယ်အဖျားခတ်ကြောင့် မေ ၂၂ ရက်ကနေ ၂၄ ရက်နေ့အထိ ရန်ကုန်မှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့တာကြောင့် ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံတန်း၊ ရေတမာလမ်းမှာရှိတဲ့ ကြက်သွန်ပွဲရုံအတော်များများမှာ ရေဝင်တာကြောင့် ပျက်စီးဆုံးရှုံးမှု တချို့ရှိခဲ့ပါတယ်။ ပျက်စီးဆုံးရှုံးမှုနဲ့ ပတ်သက်ပြီး ဘုရင့်နောင်ပွဲရုံ ရေတမာလမ်းရှိ ကြက်သွန်ပွဲရုံမန်နေဂျာတဦးက ပြောပါတယ်။

"မိုးတအားရွာတော့ မြောင်းတွေကပိတ်နေတော့ ရေတွေတက်လာ တာပေ့ါ။ ရေတွေတက်လာတော့ ဆိုင်ထဲမှာချထားတဲ့ပစ္စည်းတွေစိုကုန်ပြီး ပျက်စီးသွားတာ၊ စက်ရုံတွေကအများကြီးရှိတာပဲ၊ ကျနော်တို့ဆိုင်လည်း ဒီလိုပဲ ခပ်ထုတ်လိုက်ရတာပဲ။ ဘယ်သူ့ဆိုင်တွေ ပျက်တယ်ဆိုတာတော့ အတိအကျတော့ မပြောနိုင်ဘူး။" ဆိုင်တွေထဲကို မိုးရေတွေတပေကျော်အထိဝင်ခဲ့တာကြောင့်အောက်ခြေက ကြက်သွန်အိတ်တွေလည်း ရေစိုပျက်စီးသွားတယ်လို့သူက ပြောပါတယ်။ အခြားရန်ကုန်မြို့တွင်း မြို့နယ်တွေက အခြေအနေတွေကို အခြား ရန်ကုန်မြို့ခံတဦးက ပြောပါတယ်။

"မိုးရွာတဲ့အချိန် မြို့ထဲတွေမှာ မြောင်းတွေပိတ်ပြီးတော့ ယုဇနပလာဇာဘက်၊ တာမွေဘက်တို့မှာ ရေပြည့်တာရှိပေမယ့် အမြဲတမ်းတော့လျှံမနေဘူး။ ရပ်ကွက်တွေမှာတော့ ရေပြည့်သွားတာပေ့ါ။ မြောင်းတွေက ပိတ်ဆို့နေတော့ မိုးရွာရင် ရေလျှံတာတော့ရှိတယ်။ မိုးတိတ်သွားတော့ သူ့ဘာသူရေ ပြန်ကျသွားတယ်။"

ရန်ကုန်မှာ မိုးသည်းသည်းမည်းမည်းရွာလိုက်တာနဲ့ရေမြောင်းတွေပိတ်ပြီး ရေလျှံတာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်နေပြီး သက်ဆိုင်ရာစည်ပင်သာယာရေးဌာနတွေကလည်း ဂရုတစိုက်ရှင်းလင်းမပေးဘူးလို့ သူကပြောပါတယ်။ ရေလျှံလေ့ရှိတဲ့ ရန်ကုန်က အထင်ကရနေရာတွေဖြစ်တဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဒေါ်သိမ်းတင်လမ်း၊ မြန်မာ့ဂုဏ်ရည်လမ်းနဲ့ မအူကုန်းလမ်းကျယ် စတဲ့နေရာတွေမှာ မိုးရေနှစ်ပေနီးပါး လမ်းတွေပေါ်မှာရှိခဲ့တယ်လို့လည်း အဲ့ဒီရပ်ကွက်တွေမှာနေတဲ့ မြို့ခံတွေက ပြောပါတယ်။ မေလ ၂၃ ရက်နေ့ တိုင်းထွာချက်တွေအရ ရန်ကုန်မြို့မှာ မိုးရေချိန် ၄.၇၇ လက်မ ရွာသွန်းခဲ့တယ်လို့ မိုးလေဝသနဲ့ ဇလဗေဒဌာနရဲ့ တရားဝင်ထုတ်ပြန်ချက်တွေအရ သိရပါတယ်။ ဒီမုန်တိုင်းငယ်ဟာ ဒီနေ့ မေလ ၂၅ ရက်နေ့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ စစ်တကောင်း၊ ဖလောင်ချိတ်စတဲ့ ဒေသတွေကို ဝင်ရောက်သွားပြီလို့ သိရပါတယ်။


THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 425, May 20, 2009
ASEAN
UN+EU
BURMESE PEOPLE
ဘေးကင်း
INSEIN JAIL ...

# ဒေါ်စု အမှုကြောင့် နိုင်ငံရေးဂယက်ရိုက်မည်ကို လုံခြုံရေးကောင်စီ စိုးရိမ်

**DVB၊ မေ ၂၃။ ။** ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးစွဲချက်တင်မှုကြောင့် နိုင်ငံရေးအရ ဂယက်ရိုက်မှုတွေဖြစ်လာမှာ စိုးရိမ်တယ်လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြောဆိုလိုက်ပါတယ်။

နယူးယောက်စံတော်ချိန် မနေ့နေ့လည်ပိုင်းမှာကျင်းပတဲ့ လုံခြုံရေးကောင်စီ ၁၅ နိုင်ငံ အစည်းအဝေးအပြီး ထုတ်ပြန်ချက်မှာ အခုလိုဖော်ပြလိုက်တာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်အပါဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးဖို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးဆွေးနွေးမှုတွေလုပ်ဖို့ မြန်မာစစ်အစိုးရကို တိုက်တွန်းထားပါတယ်။ ဒါပေမယ့် သတင်းထုတ်ပြန်ချက်ထဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီး စွဲချက်တင်နေမှုကို ချက်ချက်ရပ်ပေးဖို့ တောင်းဆိုတာမျိုး မပါပါဘူး။ အထူးသဖြင့် လက်ရှိလုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ ရုရှားနိုင်ငံက ကြေညာချက်အဖြစ် တာဝန်ယူထုတ်ဖို့ ငြင်းဆိုတဲ့အတွက် ပုံမှန်သတင်းထုတ်ပြန်ချက်အနေနဲ့ ထုတ်လိုက်ရတာဖြစ်တယ်လို့ သတင်းထောက်တွေက ပြောပါတယ်။

ရန်ကုန်မြို့ရှိ ရုရှားသံအမတ်ဟာ တနေ့က ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်းစိန်ထောင်တွင်းမှာ တွေ့ဆုံခွင့်ရသူ သံတမန် ၃ ဦးထဲမှာ ပါဝင်နေလျက်နဲ့ လုံခြုံရေးကောင်စီဥက္ကဋ္ဌအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အမှုကို ကန့်ကွက်ဖို့ ရုရှားဘက်က တုံ့ဆိုင်းနေရတဲ့အကြောင်းရင်းကို ကုလသမဂ္ဂဆိုင်ရာ ညွန့်ပေါင်းအစိုးရကိုယ်စားလှယ် ဒေါက်တာ သောင်းထွန်းက ပြောပါတယ်။

“ရုရှားရဲ့ရပ်တည်ချက် အဓိက ကတော့ ဗမာပြည်ကိစ္စဆိုတာထက် လူ့အခွင့်အရေးကိစ္စတွေနဲ့ပတ်သက်လို့ လုပ်ထုံးလုပ်နည်းအရ လုံခြုံရေးကောင်စီကိစ္စမဟုတ်ဘူးဆိုတဲ့ အခြေခံပေါ်မှာ တောက်လျှောက် ရပ်တည်တာမျိုးတွေ့ရတယ်။ “ဗမာပြည်ကိစ္စမှာ ရုရှားနဲ့ တရုတ်က ဗီတိုပါဝါကိုင်ထားတာ။ ဒီနှစ်နိုင်ငံရဲ့အကန့်အသတ်တွေကြောင့် ကျနော်တို့ ရှေ့ဆက်လုပ်တဲ့နေရာမှာ ခရီးသွားသင့်သလောက်မသွားဘူး၊ ထိရောက်သင့်သလောက် မရောက်ဘူးဖြစ်နေတာ။”

ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီး စွဲချက်တင်မှုအပေါ် လုံခြုံရေးကောင်စီအနေနဲ့ တားဆီးနိုင်စွမ်းမရှိတော့တဲ့ သဘောမျိုးဖြစ်နေပြီလား၊ နောက်ထပ်ဆွေးနွေးမှုတွေ ထပ်ရှိလာမယ့် အလားအလာ ရှိမရှိဆိုတာနဲ့ပတ်သက်ပြီးတော့လည်း ဒေါက်တာသောင်းထွန်းက ပြောပါတယ်။

“လုံခြုံရေးကောင်စီက ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုမှုကိစ္စနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ ၃–၄ ရက်ထဲမှာ အလုပ်သဘောညှိနှိုင်းဆွေးနွေးကြပြီး ထုတ်ပြန်ချက်ကြေညာလိုက်တာက ဒေါ်အောင်ဆန်းစုကြည်ကိစ္စနဲ့အဲ့ဒီအခြေခံပေါ်မှာဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအရ ရိုက်ခတ်မှုအပေါ်မှာ သူတို့အာရုံစိုက်မှုရှိတယ် စိုးရိမ်မှုရှိတယ်ဆိုတာကို ဖော်ပြပါတယ်။ ကျနော်တို့က လုံခြုံရေးကောင်စီအနေနဲ့ တကယ်စည်းနှောင်မှုရှိတဲ့ ဆုံးဖြတ်ချက်မျိုးဖြစ်စေချင်တယ်၊ ဒေါ်အောင်ဆန်းစုကြည် တရားစွဲဆိုမှုကိစ္စနဲ့ပတ်သက်လို့လည်း ဒီထက် ထိရောက်တဲ့အရေးယူဆောင်ရွက်မှုမျိုး၊ စည်းနှောင်မှုရှိတဲ့ ဆုံးဖြတ်ချက်တွေ၊ ဒါမှမဟုတ် အလှည့်ကျဥက္ကဋ္ဌရဲ့ ကြေညာချက်၊ ဆုံးဖြတ်ချက်တွေ ဖြစ်စေချင်တယ်။“

“ဒါပေမယ့် ဒီအခြေခံပေါ်မှာ ဗြိတိန်သံအမတ်ကြီးနဲ့ အမေရိကန်သံအမတ်ကြီးကလည်း သူတို့ဆက်ပြီးတော့ ကြိုးစားသွားမယ်၊ လက်ရှိတရားစွဲဆိုမှု ဘယ်လိုဆက်ဖြစ်လာမလဲ ဆိုတဲ့အခြေခံပေါ်မှာထပ်ပြီးတော့ ကြိုးစားမယ်ဆိုတဲ့ အပိုင်းလည်း ကျနော်တို့ သိရပါတယ်။”

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ ကြေညာချက်ကို အသေးစိပ်လေ့လာနေဆဲဖြစ်တဲ့အတွက် လောလောဆယ်ဘာမှ မပြောနိုင်သေးကြောင်း ပြန်ကြားရေးအဖွဲ့ဝင်တဦးက ပြောပါတယ်။

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

**To**

AIR MAIL

PRINTED MATTER